ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ စနေနေ့၊ (24-4-2004) (၄၂၁၃)

တပေါ စ တော် မင်္ဂလ မုတ္တမ်။	ငြိုးခြင်စွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံစစ်သံမှူး Senior Colonel Xu Shulaiနှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel Ma Shoudong တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Xu Shulai **နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့်** Senior Colonel Ma Shoudong **တို့အား ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၁၉၇၆၅၁

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၄-၄-၂၀၀၄
(စနေနေ့)

ကျေးလက်ဒေသ စီးပွားရေး အခြေခံ စိုက်ပျိုးရေး၊ မွေးမြူရေး တိုးချဲ့ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရက နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များရရှိခံစားနိုင်စေရေး အလေးထားစီမံဖြည့်ဆည်းပေးလျက် ရှိသည်။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အပိုင်းက ဒေသအလိုက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ပြည်သူများအပိုင်းကလည်း မိမိရပ်ရွာ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်စေရေး အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၁၈ ရက်နေ့က ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့နှင့် မြောက်ဦးမြို့များသို့ သွားရောက်၍ လမ်း၊ တံတားများနှင့် စိုက်ပျိုးရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ခရီးစဉ်အတွင်း မြောက်ဦးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် မိုးစပါးများကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်သကဲ့သို့ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ငရုတ်ကောင်းများ ပိုမိုတိုးချဲ့စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက အောက်ခြေအထိ သွားရောက်၍ လုပ်ငန်းများဆောင်ရွက်ရေး ကိစ္စများကို မှာကြားခဲ့သည်။

ပုဏ္ဏားကျွန်းမြို့နယ်သည် ရေမြေရာသီဥတု ကောင်းမွန်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို လုံ့လဝီရိယအားစိုက်၍ ကြိုးပမ်းကြရမည်ဖြစ်သည်။ ပုဏ္ဏားကျွန်းမြို့ ဘဲငါးရာတောင်ခြေတွင် လယ်မြေဧက ၁၀၀၀ ဖော်ထုတ်ရေး ဆောင်ရွက်လျက်ရှိသည်။ တောင်သူလယ်သမားများက မိုးစပါးများ၊ ဒေသနှင့်ကိုက်ညီသည့် ဗိုလ်ကိတ်ပဲနှင့် ဆီမုန်ညင်း၊ ဝင်ငွေတိုး အကျိုးရှိစေမည့် ငရုတ်ကောင်းတို့ကို စနစ်တကျတိုးချဲ့စိုက်ပျိုးသင့်ပေသည်။

ပုဏ္ဏားကျွန်းမြို့အထွက်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ငရုတ်ကောင်းမျိုးပြန့်ပွားရေးနှင့် ပညာပေးရေး စံပြခြံတွင် ငရုတ်ကောင်းပင်များကို အောင်မြင်စွာ မျိုးပွားစိုက်ပျိုးလျက်ရှိသည်။ အဆိုပါ စံပြခြံသည် မြေဧရိယာ ၁၀ ဧကကျော် ကျယ်ဝန်းပြီး ငရုတ်ကောင်းအစေ့မျိုး နှစ်သိန်းနှင့် ကိုင်းမျိုးနှစ်သိန်းတို့ကို ပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။ မြေဧရိယာ ခြောက်ဧကကျော်၌ တွယ်ပင်စနစ်၊ တိုင်ထောင်စနစ်၊ အုတ်ပုံစနစ်၊ မြေပုံစနစ်စသည့် နည်းအမျိုးမျိုးဖြင့် ငရုတ်ကောင်းအပင်ပေါင်း ရှစ်ထောင်ခန့်စိုက်ပျိုးထားကြောင်း သိရသည်။

ရခိုင်ပြည်နယ်သည် ရေမြေရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးနိုင်သည့် မြေယာအများအပြားရှိနေသည်ဖြစ်ရာ ဒေသရေမြေနှင့် ကိုက်ညီဖြစ်ထွန်းသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ စိုက်ပျိုးသီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ခြင်း၊ အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းတို့တွင် သက်ဆိုင်ရာတို့က စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီပေးကြရမည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပင်မစီးပွားရေးလုပ်ငန်းဖြစ်သကဲ့သို့ ကျေးလက်နေ တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သည်။

ထို့ကြောင့် ကျေးလက်ဒေသများ၏ စီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ကျေးလက်ဒေသများမှသည် ဒေသအလိုက် စီးပွားရေးအင်အား တောင့်တင်းခိုင်မာလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ဒေသများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက လက်တွဲညီညီ ကြိုးပမ်းဖြည့်ဆည်းကူညီရင်း တောင်သူလယ်သမားများကလည်း ဝင်ငွေတိုးအကျိုးရှိစေမည့် သီးနှံများ အထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အဆင့်အတန်းမြင့်မြင့် ကျင်းပရန်လို တင်သွင်းဆွေးနွေးမည့်စာတမ်းများ အရည်အသွေးမြင့်မားအောင်ပြုစု

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၂၀၀၄ခုနှစ် မေလဒုတိယပတ်တွင်ကျင်းပမည့် တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင်-

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၀၀ကျော်ရှိသည့်အနက် မြို့နယ်ပေါင်း ၁၇၇မြို့နယ်၌ အသင်းဝင်အင်အား ၆၀၀၀ကျော်ဖြင့် ဖွဲ့စည်းထားသည့် အသင်းကြီးဖြစ်သည့်အတွက် ကျယ်ပြန့်သော အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့ကြီး တစ်ခုဖြစ်ကြောင်း၊ ထို့ပြင်ပြည်သူ ၅၂သန်းကျော်အပေါ်တွင်လည်း စာပေဖြင့် ထိတွေ့ဆက်သွယ်သော အသင်းကြီးဖြစ်သည့်အတွက် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အဆင့်အတန်း မြင့်မြင့်မားမား ခမ်းနားထည်ဝါ သိုက်မြိုက်စွာ ကျင်းပရန်လိုကြောင်း၊ တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ အသီးသီးကလည်း မိမိတို့ လုပ်ငန်းကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားကြပြီး ဖြစ်သကဲ့သို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း လိုအပ်သည်များကို ကူညီပံ့ပိုးမှုများ ပေးလျက်ရှိကြောင်း၊ ယခင်ညီလာခံက ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် အားနည်းချက် အားသာချက်များကို မှန်ကန်စွာ ဝေဖန်သုံးသပ် စိစစ်ကြပြီး လျှင် စာပေ၊ စာပေလောကသားများ၊ နိုင်ငံနှင့်လူမျိုးအတွက်ပါ အကျိုးရှိစေမည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်လိုကြောင်း၊ ပုံနှိပ်လောက အဆင့်မြှင့်တင်ရေး၊ မြန်မာစာပေအဆင့်မြှင့်တင်ရေးနှင့် စာပေလောက အဆင့်မြှင့်တင်ရေး လုပ်ငန်းစဉ်များကိုပါ ပါဝင်ရေးဆွဲချမှတ်ကြစေလိုကြောင်း၊ တင်သွင်း ဆွေးနွေးမည့် စာတမ်းများကိုလည်း အရည်အသွေးမြင့်မားသည့် စာတမ်းများဖြစ်အောင်

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပနိုင်ရေးအတွက် ဗဟိုအမှုဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြုစုတင်သွင်းကြရန်နှင့် လုပ်ငန်းကော်မတီအလိုက် လိုအပ်ချက်များကိုလည်း ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် ဗဟိုအမှုဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကိုယ်စားလှယ် စိစစ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ပြန်ကြားရေးနှင့် သတင်းဖြန့်ချိရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးလှထွန်း(လှထွန်း-တွံတေး)၊ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)၊ အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)၊ ဆုံးဖြတ်ချက်နှင့် မှတ်တမ်းပြုစုရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း(မြင့်သိန်းအောင်)နှင့် လုံခြုံရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်(ရဲခေါင်ဝင်း-ကျိုက္ကော်)တို့က သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး တင်ပြကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

အစည်းအဝေးအပြီးတွင် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ အလှူငွေကျပ်ငါးသိန်းကို ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း မိသားစုများ၏ အလှူငွေကျပ်ငါးသိန်းကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း(မြင့်သိန်းအောင်)က လည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံသည်။

(သတင်းစဉ်)

အီရတ်စစ်စရိတ် ဒေါ်လာ သန်း ၇၀၀ ပိုမိုကုန်ကျမည် အမေရိကန် ထိပ်တန်းဗိုလ်ချုပ်ကြီး ပြောဆို

ဝါရှင်တန် ဧပြီ ၂၂

အီရတ်တွင် ဖြစ်ပေါ်နေသော အခြေအနေများကြောင့် အမေရိကန် စစ်ဌာနချုပ် ပင်တဂွန်က ခန့်မှန်းထားသည်ထက် အမေရိကန်တပ်ဖွဲ့ဝင်များ ပိုမိုချထားရန် လိုအပ်လာသည့်အပြင် စစ်ဆင်ရေးစရိတ်များလည်း ပိုမိုကုန်ကျလာနိုင်ကြောင်း အမေရိကန် ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀၀ ကို ဌာနေသို့ ပြန်မပို့ဘဲ အီရတ်တွင် နောက်ထပ် သုံးလကြာ ဆက်လက်ချထားမည်ဆိုပါက စစ်စရိတ်တွင် နောက်ထပ် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ပိုမိုကုန်ကျမည်ဖြစ်ကြောင်း အမေရိကန် ပူးတွဲစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရစ်ချတ်မိုင်ယာက ဆိုသည်။ ထိုစကားများကို အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာကော်မတီ ရှေ့မှောက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘတ်ဂျက်ရေးဆွဲရာ၌ မူလက မပါသော အီရတ်နှင့် အာဖဂန်ဆိုင်ရာ စရိတ်များကို ထပ်ဆောင်းငွေများ တောင်းခံပြီး ဘုရှ်အစိုးရက ဖြည့်စွက်ကျခံသုံးစွဲလျက်ရှိသည်။ ယခုအခါ အထက်လွှတ်တော်က ခွင့်ပြုပေးထားသော ထပ်ဆောင်းစရိတ် ကျခံငွေ ပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၁၆၀၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ထိုစရိတ်မှာ စစ်ပွဲစတင်ခဲ့သော ယမန်နှစ် မတ်လအချိန်က စတင်တောင်းခံခဲ့သော စရိတ်ငွေများ ဖြစ်သည်။

ဆောင်ရွက်ပေးမည်

အိမ်ဖြူအနေဖြင့် ဇန်နဝါရီလ မတိုင်မီအချိန်အထိ ဘတ်ဂျက်ခွင့်ပြုငွေကို ထပ်မံတောင်းခံဦးမည်မဟုတ်ပါ။ သို့ရာတွင် သမ္မတ ဘုရှ်အနေဖြင့် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များ၏ လိုအပ်ချက်များကို ပြည့်ပြည့်စုံစုံ ရရှိစေရန်အတွက်မူ ဆောင်ရွက်ပေးမည်ဖြစ်သည်ဟု အိမ်ဖြူ ပြောရေးဆိုခွင့်ရှိသူ စကော့မတ်ကလီလန်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များကို အီရတ်၌ နောက်ထပ်တစ်နှစ် ဆက်လက်ထားရှိမည်ဆိုလျှင် စစ်အသုံးစရိတ်ငွေ အနည်းဆုံး နောက်ထပ် အမေရိကန်ဒေါ်လာ သန်း ၅၀၀၀၀ လိုအပ်မည်ဖြစ်ကြောင်း အထက်လွှတ်တော် အမတ်နှစ်ဦးက ပြောကြားသည်။ နိုင်ငံရေးအခြေအနေတွင် ရွေးကောက်ပွဲနှစ်နှင့် တိုက်ဆိုင်နေသည်ဖြစ်၍ အမေရိကန်သမ္မတသည် စစ်စရိတ်ဆိုင်ရာ ကုန်ကျမှုအပိုင်းများကို ထုတ်ဖော်ပြောကြားရန် ရှောင်တိမ်းလျက်ရှိသည်ဟု ဆိုသည်။ အထက်ပါစကားများကို ပြောကြားသူတစ်ဦးမှာ နီဘရာစကားပြည်နယ် ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် ချက်ဟာဂယ်လ်ဖြစ်သည်။ အခြားအထက်လွှတ်တော်အမတ်တစ်ဦးမှာ ဒီမိုကရက်တစ်အမတ် ဂျိုးဆက်ဘီဒင်ဖြစ်သည်။ ၎င်းသည် ဒါလာဝဲပြည်နယ် အမတ်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဧပြီ ၂၂ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြပွဲကျင်းပရာ အီရတ်များက အမေရိကန်အလံကို မီးရှို့နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဧပြီ ၂၂ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသောအိမ်ကို ကြည့်ရှုနေသည့် အီရတ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့ အီရတ်မှ ထွက်ခွာသင့်ပြီဟု အီရန်သမ္မတ ပြောကြား

တီဟီရန် ဧပြီ ၂၂

အမေရိကန်သည် အီရတ်တွင် ဆက်လက်နေမည့်အစား ပြန်လည်ဆုတ်ခွာသွားသည်ကမှ ပို၍ကောင်းမည်ဆိုသည်ကို သဘောပေါက်သော်လည်း ထွက်ခွာသွားနိုင်ရေးအတွက် မဆောင်ရွက်နိုင်ဘဲ ဖြစ်နေသည်ဟု အီရန်နိုင်ငံ သမ္မတ မိုဟာမက်ခါတာမီက ပြောကြားသည်။

အမေရိကန်တို့သည် အီရတ်နိုင်ငံကို သိမ်းပိုက်ထားခြင်းမှာ ၎င်းတို့အတွက် အကျိုးမရှိသည်ကို သဘောပေါက်ကြသော်လည်း ဝင့်ဝါသည့် သဘောကြောင့် ထွက်ခွာမသွားဘဲ ဆက်လက်သိမ်းပိုက်ထားကြခြင်း ဖြစ်ကြောင်း ခါတာမီက အပတ်စဉ် လွှတ်တော် အစည်းအဝေးအပြီးတွင်သတင်းထောက်များနှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

အမေရိကန် အရာရှိအချို့က အီရန်နိုင်ငံသည်အီရတ်နိုင်ငံအတွင်းရှိရှီးယိုက်များအကြားတွင် အမေရိကန်ဆန့်ကျင်ရေး သဘောထားများ သွေးထိုးပေးလျက်ရှိကြောင်း စွပ်စွဲကြသည်။

ခါတာမီက အီရတ်နိုင်ငံတွင် အရှိန်တိုးမြှင့်ဖြစ်ပေါ်လာသော ဆူပူမှုများ၏ လက်သည်မှာ အမေရိကန်ဖြစ်ကြောင်း အပြစ်တင်ခဲ့သည်။

အီရတ်နိုင်ငံတွင် ငြိမ်းချမ်းသည်ကို မိမိတို့ တွေ့မြင်လိုသည်။ ယခုအခါ အဆိုပါ နိုင်ငံတွင် ဖြစ်ပေါ်နေသော မငြိမ်မသက်မှုများကို ဖြစ်ပေါ်စေသည့် ရေသောက်မြစ်မှာ အမေရိကန်တို့ အီရတ်ကို ဆက်လက်သိမ်းပိုက်ထားသည့် လုပ်ရပ်ကြောင့်ပင်ဖြစ်သည်ဟု ခါတာမီက ဆိုသည်။

သံတမန်အဆက်ဖြတ်

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ၁၉၈၀ ပြည့်နှစ်ကတည်းက သံတမန်အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။ ထိုစဉ်အချိန်မှစ၍ ၎င်းတို့နှစ်နိုင်ငံသည် ရန်သူများ ဖြစ်လာခဲ့ကြသည်။ တက်ကြွသော အီရန်များက အမေရိကန်သံရုံးကို သိမ်းပိုက်ခဲ့ပြီး ဓားစာခံများ ဖမ်းဆီးခဲ့ကြသည့်အတွက် အမေရိကန်က အီရန်နိုင်ငံကို သံတမန်အဆက်အသွယ် ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။

ရှုမြင်

အနောက်နိုင်ငံများက အီရတ်ရှိ ခေါင်းဆောင် အယာတိုလာ အလီအယ်လ် စစ္စတာနီကို သဘောထားပျော့ပျောင်းသူ ရှီးယိုက်တစ်ဦးအဖြစ် ရှုမြင်ကြပြီး ခေါင်းဆောင် အယ်ဆာဒါးကို သဘောထား ပြင်းထန်သူအဖြစ် ရှုမြင်ကြသည်။

အီရန်နိုင်ငံက အီရတ်ဘာသာရေး ခေါင်းဆောင် စစ္စတာနီကို လိုလားအားပေးသည်ဟု ဆိုသည်။

ပြင်းထန်

ယခုအခါ အီရတ်နိုင်ငံ နာဂျက်ဖ်မြို့နှင့် ကာဘာလာမြို့များတွင် မငြိမ်မသက်မှုများ ပြင်းထန်နေသည်။ အကယ်၍သာ အမေရိကန်တို့သည် ကာဘာလာနှင့် နာဂျက်ဖ်မြို့များကို တိုက်ခိုက်ကြမည်ဆိုပါက ကိုယ့်သေတွင်း ကိုယ်တူးသကဲ့သို့ ရှိမည်ဖြစ်သည်၊ ရှီးယိုက်များ၏ ဆန့်ကျင်မှုနှင့် ကြုံတွေ့ရလိမ့်မည်ဖြစ်သည်ဟု ခါတာမီက ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ် မိသားစုများ ဖော်လူဂျာသို့ ပြန်လာ

ဘဂ္ဂဒက် ဧပြီ ၂၂

အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ကို ပြန်လည်အုပ်ချုပ်ရန်နှင့် ပြောက်ကျားများ၏ လက်နက်များကို သိမ်းရန် ဖော်လူဂျာမြို့သို့ အင်္ဂါနေ့က ပြန်လာကြသည်။ ဒါဇင်ပေါင်းများစွာသော မိသားစုများကလည်း ဖော်လူဂျာမြို့တွင်းသို့ စတင်ပြောင်းရွှေ့လာကြပြီဟု ကာတာအခြေစိုက် အယ်ဂျာဇီရာ ရုပ်မြင်သံကြားက ကြေညာသည်။

အီရတ် လုံခြုံရေးအဖွဲ့ဝင် ၂၀၀ ခန့်တို့ အင်္ဂါနေ့က အလုပ်ပြန်ဝင်ကြပြီဟုလည်း အယ်ဂျာဇီရာ ရုပ်မြင်သံကြားက ကြေညာလိုက်သည်။

အပြာရောင် စစ်ဝတ်စုံနှင့် ကျည်ကာအင်္ကျီများ ဝတ်ဆင်ထားသည့် ရဲအရာရှိ ဒါဇင်ပေါင်းများစွာသည် လက်နက်များ သယ်ဆောင်လျက် မြို့တွင်းသို့ ဝင်ရန် စစ်ဆေးရေးဂိတ်တစ်ခုတွင် အင်္ဂါနေ့ မွန်းလွဲပိုင်းက တန်းစီနေကြသည်။ ၎င်းတို့၏ စာရွက်စာတမ်းများကို အမေရိကန် တပ်ဖွဲ့ဝင်များက စစ်ဆေးနေကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ကိစ္စတွင် အရေးပါသော အခန်းကဏ္ဍမှ ကုလသမဂ္ဂ ပါဝင်ရေး လုံခြုံရေးအခြေအနေများကြောင့် အဟန့်အတားဖြစ်နေဟုဆို

ကုလသမဂ္ဂ ဧပြီ ၂၂

နိုင်ငံတကာက ကုလသမဂ္ဂကို အီရတ်အရေးကိစ္စတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာစေရန် တောင်းဆိုလျက်ရှိကြသည်။ အီရတ်နိုင်ငံ၏ ဆိုးရွားနေသော အခြေအနေများကြောင့် ကုလသမဂ္ဂအနေဖြင့် ဝင်ရောက်ထမ်းဆောင်ရန် အခက်အခဲရှိကြောင်း အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားသည်။

ကမ္ဘာ့နိုင်ငံအတော်များများက ကုလသမဂ္ဂကို အီရတ်နိုင်ငံကိစ္စတွင် အရေးပါသော အနေအထားမှ ပါဝင်လာစေရန် လိုလားကြကြောင်း တောင်းဆိုနေကြသည်။ မိမိတို့အနေဖြင့်လည်း ထိုသို့အရေးပါသော တာဝန်ကို ထမ်းဆောင်ရန် လိုလားကြောင်း၊ သို့ရာတွင် အခြေအနေအရပ်ရပ်က အခွင့်အရေးပေးရန် လိုအပ်ကြောင်း အာနန်က ဆိုသည်။

အလေးထား

ယမန်နေ့က အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။ ထိုဗုံးပေါက်ကွဲ မှုများ ဖြစ်ပွားအပြီး နာရီအတန်ကြာသောအခါ ကိုဖီအာနန်က အထက်ပါစကား ကို ပြောကြားခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံသို့ ကုလသမဂ္ဂအနေဖြင့် ဝင်သင့်၊ မဝင်သင့်ကို ဆုံးဖြတ်ရာ၌ လုံခြုံရေးအခြေအနေသည် အရေးတကြီး အလေးထား စဉ်းစားရသော ကိစ္စဖြစ်ကြောင်း ကိုဖီအာနန်က ဆက်လက်ပြောကြားသည်။

အီရတ်တွင် ဖြစ်ပွားနေသော ဆိုးရွားလှသည့် မငြိမ်မသက်မှုများကို ဖြေရှင်းရာ၌ အောင်မြင်မှုရလိမ့်မည်ဟု မိမိတို့ မျှော်လင့်သည်။ ထိုကိစ္စ မဖြေရှင်းနိုင်မချင်း လုံခြုံရေးကိစ္စသည် မိမိတို့အတွက် အဟန့်အတားတစ်ရပ် ဖြစ်နေသည်ဟု အာနန်က ဆိုသည်။

အီရတ်နိုင်ငံအရေးကို ပြေလည်အောင် ဆောင်ရွက်မည်ဆိုပါက အပြည်ပြည်ဆိုင်ရာအကူအညီ လိုအပ်သည်ဆိုသောအချက်ကို အာနန်က ဟုတ်မှန်ကြောင်း လက်ခံသော်လည်း နိုင်ငံစုံတပ်ဖွဲ့များ အီရတ်၌ ချထားရေးကိစ္စမှာ ဖြစ်နိုင်သော ကိစ္စမဟုတ်ဟုဆိုကာ ပယ်ချထားကြောင်း သိရသည်။

ဇွန်လ ၃၀ ရက်နောက်ပိုင်း အီရတ်များလက်သို့ အမေရိကန်တို့က အချုပ်အခြာအာဏာ လွှဲအပ်ပေးပြီးသောအခါမှသာလျှင် နိုင်ငံစုံတပ်ဖွဲ့များ အီရတ်တွင် ချထားရေးကိစ္စကို ခွင့်ပြုသင့်ကြောင်း ၎င်းက အဆိုပြုထားသည်။

အီရတ်တွင် အခြေအနေအရပ်ရပ်ကို လုံခြုံစိတ်ချရအောင် ဖန်တီးရာ၌ နိုင်ငံစုံမှ အထောက်အပံ့များ လိုအပ်မည်ဖြစ်သည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန် မကြာမီ ကာလအတွင်း နိုင်ငံတကာမှ တပ်ဖွဲ့များ အီရတ်တွင် ချထားရန် အကြောင်းရှိသည်။

သို့ရာတွင် ထိုတပ်ဖွဲ့မှာ ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့မျိုး ဖြစ်လိမ့်မည်ဟု မိမိမမျှော်လင့်ကြောင်း၊ ကုလသမဂ္ဂနှင့် မသက်ဆိုင်သော နိုင်ငံစုံတပ်ဖွဲ့မျိုးကိုသာ ကောင်စီက ခွင့်ပြုဖွယ်ရာရှိကြောင်း အာနန်က ဆက်လက်ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အထူးကိုယ်စားလှယ် လက်ဒါးဘရာဟီမီသည် ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် အီရတ်နှင့် သက်ဆိုင်သော အကြံပြုချက်များကို အစီရင်ခံတင်ပြမည်ဖြစ်သည်။ ထိုအစီရင်ခံစာတွင် ဇွန်လ ၃၀ ရက်နေ့ အာဏာလွှဲပြောင်းပေးမည့်ရက် မတိုင်မီကာလတွင် ကြားဖြတ်အစိုးရကို ဖွဲ့စည်းရေး အဆိုပြုချက်များ ပါရှိလိမ့်မည်ဟုဆိုသည်။ ဘရာဟီမီသည် မကြာသေးမီအချိန်က အထက်ပါကိစ္စများနှင့် စပ်လျဉ်း၍ အီရတ်နိုင်ငံသို့ သွားရောက်ကာ ဆွေးနွေးခဲ့ကြောင်း သိရပြီး ဥရောပနိုင်ငံများသို့လည်း ခရီးဆက်ခဲ့သေးသည်။

ပြီးခဲ့သောနှစ် ဩဂုတ်လ ၁၉ ရက်တွင် အီရတ်ရှိ ကုလသမဂ္ဂရုံးကို ဗုံးအခွဲခံရ၍ ကုလသမဂ္ဂအကြီးအကဲ ဆာဂျီယိုဒီမဲလို သေဆုံးခဲ့ရသည်။ ထိုအဖြစ်အပျက် နောက်ပိုင်းတွင် အာနန်က အီရတ်ရှိ ကုလသမဂ္ဂ ဝန်ထမ်းများကို ပြန်လည်ရုပ်သိမ်းသွားခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြန်လာ

မေ ၂၂ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့သို့ ပြန်လာကြသည့် အီရတ်နိုင်ငံသား များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ထိုင်းတပ်ဖွဲ့ဝင်များ အီရတ်မှပြန်ရုပ်သိမ်းရေး အထက်လွှတ်တော်တွင် ဆွေးနွေး

ဗန်ကောက် မေ ၂၂

အီရတ်နိုင်ငံတွင် အခြေအနေအရပ်ရပ်မှာ ဆိုးရွားယိုယွင်းလာသည့်အတွက် အီရတ်သို့ စေလွှတ်ထားသော ထိုင်းတပ်ဖွဲ့ဝင်များ ပြန်လည်ခေါ်ယူရေးကိစ္စကို ထိုင်းနိုင်ငံ အထက်လွှတ်တော်၌ ဆွေးနွေးလျက်ရှိကြသည်။

ထိုင်းတပ်ဖွဲ့ဝင်များ အီရတ်မှ ပြန်လည်ရုပ်သိမ်းရေး ကိစ္စ ဆွေးနွေးသင့်၊ မသင့် အထက်လွှတ်တော်တွင် တနင်္လာနေ့က မဲခွဲဆုံးဖြတ်ကြရာ ၆၄မဲ၊ ၄၀မဲဖြင့် ဆွေးနွေးသင့်ကြောင်း အဆိုတင်သွင်းသည့်ဘက်မှ အနိုင်ရရှိသွားသည်။

ယုံကြည်ထား

အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာမြို့တွင် ထိုင်းတပ်ဖွဲ့ဝင်ပေါင်း ၄၄၇ဦးတို့ တာဝန်ထမ်းဆောင်နေသည်။ အီရတ်တွင် ဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေများကြောင့် ယခုအချိန်သည် ထိုင်းတပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းရန် သင့်တော်သောအချိန်ပင် ဖြစ်ကြောင်း တပ်ရုပ်သိမ်းရေး အစီအစဉ်ကိုလိုလားသူများက ယုံကြည်ထားကြသည်ဟု ဆိုသည်။

ပိတ်ပင်ခြင်းခံနေရ

စစ်ဘက်မှ အထက်တန်းအရာရှိတစ်ဦးက အီရတ်တွင်ရှိသော ထိုင်းတပ်ဖွဲ့ဝင်များမှာ လွတ်လပ်စွာ သွားလာခွင့်မရှိဘဲ ပိတ်ပင်ထားခြင်းခံနေရသဖြင့် အကျဉ်းသားများ သဖွယ် ဖြစ်နေရသည်ဟု မိမိကိုပြောပြကြောင်း ထိုင်းအထက်လွှတ်တော်အမတ် ကာရွန်စိန်ဂရမ်က ဆိုသည်။ ထိုအမတ်၏ ပြောကြားချက်ကို ကိုးကားပြီး ဗန်ကောက်ပို့စ် သတင်းစာတွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ကာဘာလာမြို့၌ တာဝန်ထမ်းဆောင်နေသော ထိုင်းတပ်ဖွဲ့ဝင်များသည် အီရတ်တွင် သွားရောက် အမှုထမ်းနေသော ဒုတိယအသုတ်တွင် ပါဝင်သည့် ထိုင်းတပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။

အီရတ်ရှိ ထိုင်းတပ်ဖွဲ့ဝင်အများစုသည် ဆေးဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များနှင့် အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။ ကာဘာလာမြို့တွင် ရှိနေသော နိုင်ငံခြားသားတပ်ဖွဲ့များကို ပြီးခဲ့သောနှစ် ဒီဇင်ဘာလအတွင်းက တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ခြိမ်းခြောက်

ဧပြီလအစောပိုင်းက ဆွီဒင်နိုင်ငံရှိ ထိုင်းသံရုံးသို့ စာတစ်စောင် ရောက်ရှိသွားသည်။ ထိုစာတွင် အီရတ်ရှိ ထိုင်းတပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းခြင်း မရှိလျှင် ထိုင်းပစ်မှတ်များကို တိုက်ခိုက်ခြင်းခံရမည် ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။ အထက်ပါစာကို လက်ခံရရှိပြီးနောက်ပိုင်း၌ ထိုင်းတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေး တောင်းဆိုမှုများမှာ ပြည်တွင်း၌ ကျယ်ကျယ်လောင်လောင် အသံထွက်ပေါ်လာသည်ဟု ဆိုသည်။

ထိုင်းအစိုးရက မိမိ၏တပ်ဖွဲ့များကို လာမည့်ဇွန်လအထိ သတ်မှတ်ထားသော တာဝန်ထမ်းဆောင်ချိန် ပြည့်ပြီးမှသာလျှင် အီရတ်မှ ပြန်လည်ရုပ်သိမ်းပေးနိုင်ဖွယ်ရာ ရှိကြောင်း တင်းခံထားသည်ဟု သတင်းများက ဆိုသည်။ ထိုင်းကာကွယ်ရေးဝန်ကြီး ချတ်တားသာနာဂျာရိက အစိုးရအဖွဲ့၏ အစီအစဉ်ကိုဟုတ်မှန်ကြောင်း ပြောကြားသွားသည်။

ပြီးခဲ့သောနှစ် ဩဂုတ်လက ထိုင်းနိုင်ငံသည် ဂျမားအစ္စလမ္မီယားအဖွဲ့၏ ဒုတိယခေါင်းဆောင် ဟမ်ဘာလီကို ဖမ်းဆီးပေးနိုင်ခဲ့ခြင်းနှင့် စက်တင်ဘာလတွင် အီရတ်သို့ စစ်တပ်ဖွဲ့များစေလွှတ်ပေးခဲ့ခြင်းများကို အကြောင်းပြု၍ ထိုနိုင်ငံကို နေတိုးအဖွဲ့၏ပြင်ပမှ မဟာမိတ်နိုင်ငံအဖြစ် အသိအမှတ်ပြုထားကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်မှရုပ်သိမ်းသွားသော အပေါင်းပါတပ်များ၏ နေရာသို့ ကန်တပ်ဖွဲ့ဝင်များ အစားထိုးဝင်ရောက်နေရာယူနေကြရ

ဘဂ္ဂဒက် မေ ၂၁

အီရတ်မှ စပိန်၊ ဟွန်ဒူးရပ်(စ်)နှင့် ဒိုမီနီကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းတော့မည်ဖြစ်သည့်အတွက် အမေရိကန်နှင့် အပေါင်းပါတပ်များ အင်အားပိုနည်းလာမှုနှင့် ခုခံတွန်းလှန်ရေးအင်အားစုများ၏ တိုက်ပွဲများ ကျယ်ပြန့်လာခြင်းနှင့်အတူ အီရတ်နိုင်ငံအတွင်းအမေရိကန်စစ်ရေးတာဝန်မှာ လစ်လပ်သွားသည့်နေရာများကို အစားထိုးနေရာယူနေရသည့် လက္ခဏာရှိသည်ဆို၏။

အီရတ် တောင်ပိုင်းနှင့် အနောက်ပိုင်း၌ တစ်ပြိုင်နက်တည်း အကျပ်အတည်းတွေ့မှုကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ဆောင်ရွက်ရန် အမေရိကန်တပ်များသည် ပြန်လည်ဖွဲ့စည်းပြောင်းရွှေ့ကာ တပ်အပြောင်းအလဲများ ပြုလုပ်နေရသည်။

အီရတ်နိုင်ငံတောင်ပိုင်းတွင် အမေရိကန်နှင့် အပေါင်းပါတပ်များသည် ရှီးယိုက်ခုခံတွန်းလှန်ရေးသမားများနှင့် ရင်ဆိုင်တိုက်ကာ တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေရသည်။ အီရတ်အနောက်ပိုင်း ဖော်လူဂျာတစ်ဝိုက်တွင်လည်း အခြေအနေမှာ လိပ်ခဲတည်းလည်း ဖြစ်နေရသည်။

ပြောင်းရွှေ့ချထား

အီရတ်တွင် ယခင်က အမေရိကန်၏ အပေါင်းပါတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်ယူထားခဲ့သည်။ အီရတ်မှ သုံးလေးပတ်အတွင်း အင်အား၃၀၂ ဦးရှိသည့် ဒိုမီနီကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမည်ဟု အင်္ဂါနေ့ညက ကြေညာသည်။

အီရတ်၌ အန္တရာယ်များသည်ဟု ယူဆလျှင် ထိုင်းနိုင်ငံကလည်း တပ်ဖွဲ့ဝင် ၄၄၃ ဦးကို ရုပ်သိမ်းမည်ဟု ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က အင်္ဂါနေ့တွင် ကြေညာလိုက်သည်။

အင်တာနက်။

မေ ၂၁ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ကယ်ဆယ်ရေး ဆောင်ရွက်နေသည့် အီရတ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် လုံခြုံရေးအခြေအနေဆိုးရွား စပိန်တပ်ဖွဲ့ဝင်များ အမြန်ဆုံး ရုပ်သိမ်းရန်ဆုံးဖြတ်

မဒရစ် မေ ၂၂

လုံခြုံရေး အခြေအနေများကြောင့် အီရတ်နိုင်ငံမှ စပိန်တပ်ဖွဲ့ဝင် ၁၄၀၀ အား ဖြစ်နိုင်သမျှအမြန်ဆုံး ရုပ်သိမ်းရန် စပိန်အစိုးရသစ်ကဆုံးဖြတ်ခဲ့ကြောင်း၊ စပိန်တပ်ဖွဲ့ဝင် အများအပြားသည် မေ၃၀ရက်တွင် ဌာနေသို့ ပြန်ရောက်လာမည်ဖြစ်ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီး ဟိုဆေးဘိုနိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

စပိန်တပ်ဖွဲ့ဝင်များ အီရတ်မှရုပ်သိမ်းရေးကို အမိန့်ထုတ်ပြန်ခြင်းဖြင့် စပိန်ဝန်ကြီးချုပ်သစ်ဟိုဆေးလူဝစ်ရိုဒရီကွစ်ဇ် ဇာပါတီရိုသည် အလျင်စလို ပြုမူဆောင်ရွက်နေကြောင်း စပိန်နိုင်ငံမှ အတိုက်အခံတို့က တနင်္ဂနွေနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။ တနင်္ဂနွေနေ့သည် ဇာပါတီရိုဝန်ကြီးချုပ်ရာထူး တာဝန်ထမ်းဆောင်သည့် ဒုတိယမြောက်နေ့ ဖြစ်သည်။

စပိန်တပ်ဖွဲ့ဝင်များအား အလျင်အမြန်ရုပ်သိမ်းရခြင်းသည် ၎င်းတို့၏ လုံခြုံရေးကြောင့်ဖြစ်ကြောင်း ဘိုနိုက အသံလွှင့်ဌာနသို့ ပြောကြားသည်။ ညပိုင်းတွင် ၎င်းတို့၏စစ်တန်းလျားများကို လက်ပစ်ဗုံး ၁၇လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရကြောင်း အီရတ်ရှိ စပိန်တပ်မှူးများက ပြောကြားသည်။

ဇွန်လ ၃၀ရက် အရောက်တွင် ကုလသမဂ္ဂက အီရတ်နိုင်ငံ၌ နိုင်ငံရေးနှင့် စစ်ရေးအရ ထိန်းချုပ်မှုမရှိလျှင် စပိန် တပ်ဖွဲ့ဝင်များကို အီရတ်မှ ရုပ်သိမ်းမည်ဖြစ်ကြောင်း မဲဆွယ်ပွဲကာလတွင် ဇာပါတီရိုက ကတိကဝတ်ပြုခဲ့သည်။

အမေရိကန်သမ္မတ အိမ်ဖြူသည် အီရတ်နိုင်ငံလုံခြုံရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့တွင် အကူအညီပေးရန် အားပေးအားမြှောက်ပြုနိုင်ရေးအတွက် ကုလသမဂ္ဂဆုံးဖြတ်ချက်သစ် ချမှတ်ရန် ဖိအားပေးတိုက်တွန်းလျက်ရှိသည်။ သို့ရာတွင် ယင်းဆုံးဖြတ်ချက်အသစ် ချမှတ်မှုက စပိန်၏ တောင်းဆိုချက်များကို ဖြည့်ဆည်းနိုင်မည်မဟုတ်ဟူသော စပိန်အစိုးရ၏အမြင်ကိုဘိုနိုက ထပ်လောင်းပြောကြားသည်။

ကုလသမဂ္ဂသည် အီရတ်နိုင်ငံ၌ တပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲနိုင်သည်ဟု မိမိမထင်မြင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်အကျဉ်းစခန်း စိန်ပြောင်းဖြင့်ပစ်ခံရ လူ၂၂ဦးသေဆုံးပြီး ၁၀၀ကျော်ဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၂၂

အီရတ်ရှိအမေရိကန်ဦးဆောင်သော တပ်များဖွင့်လှစ်ထားသည့် ဘဂ္ဂဒက်အကျဉ်းစခန်းတစ်ခုကို အီရတ်ခုခံတွန်းလှန်ရေးပြောက်ကျားများက အင်္ဂါနေ့တွင် စိန်ပြောင်းဖြင့်ပစ်ခတ်သဖြင့် အကျဉ်းသား ၂၂ဦး သေဆုံးသွားကြောင်းဖြင့် အမေရိကန်စစ်ဘက်ကပြောကြားသည်။

အဘူဂါရိုက်ထောင်တွင် ထိခိုက်သေဆုံးသူအားလုံးမှာ အကျဉ်းသားများဖြစ်သည်ဟု ပဏာမသတင်းများက ဖော်ပြကြောင်း၊ သို့သော် ထိုအကျဉ်းသားများကို ရာဇဝတ်မှုဖြင့် သင်္ကာမကင်း၍ ဖမ်းဆီးချုပ်နှောင်ထားခြင်းလော၊ သို့မဟုတ် ခုခံတွန်းလှန်ရေး လှုပ်ရှားမှုကြောင့် ဖမ်းဆီးထားခြင်းလောဟူ၍ မပြောနိုင်ကြောင်းဖြင့် အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

ထိုအကျဉ်းစခန်းအတိုက်ခံရမှုကြောင့် ဒဏ်ရာရသူ၁၀၀ကျော်ရှိကြောင်းဖြင့်လည်း ၎င်းကပြောကြားသည်။ အီရတ်နိုင်ငံ၏ အဆူပူဆုံးဖြစ်သည့် ဖော်လူဂျာနှင့် နာဂျက်ဖ်မြို့တို့တွင်မူ ပြန်လည်တည်ငြိမ်စပြုလာပြီဟုဆိုသည်။ ဖော်လူဂျာမြို့တွင် ယာယီအပစ်အခတ်ရပ်စဲပြီး ရှီးယိုက်ခေါင်းဆောင် ခိုအောင်းသည့် နာဂျက်ဖ်မြို့အနီး အခြေစိုက်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်ဆုတ်ရန် ပြင်ဆင်နေပြီဟုဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်တောင်ပိုင်း ဘာဆာရာမြို့၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား လူ ၅၀ ကျော် သေဆုံးပြီး ၂၀၀ ခန့် ဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာ၌ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ပေါက်ကွဲမှု တစ်သီတစ်တန်း ဖြစ်ပွားရာတွင် လူပေါင်း ၅၀ကျော် သေဆုံးပြီး ၂၀၀ ခန့် ဒဏ်ရာရရှိသွားကြောင်း စီအင်န်အင်န်က ကြေညာသည်။

မျက်မြင်တွေ့ရှိ

အလောင်း ၅၅ လောင်းကို ရှာဖွေတွေ့ရှိရကြောင်းဖြင့် အခင်းဖြစ်ပွားရာဒေသရှိ မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းကြေညာသည်။

ဗုဒ္ဓဟူးနေ့ နံနက်ပိုင်း လူသွားလူလာများချိန်တွင် ဘာဆာရာမြို့ရှိ ရဲစခန်းသုံးခုကို တစ်ပြိုင်တည်းလိုပင် ကားဗုံးပေါက်ကွဲမှု အနည်းဆုံးသုံးခုရှိကြောင်း ဗြိတိန်စစ်ဘက်၏ ပြောကြားချက်ကို စီအင်န်အင်န်က ကိုးကားဖော်ပြသည်။

ရဲစခန်းများတွင် ထိုနေ့နံနက်က ဖောက်ခွဲမှုအနည်းဆုံး သုံးခုရှိကြောင်း၊ သို့သော် ထိုကားဗုံးဖောက်ကွဲမှုများမှာ အသေခံဗုံးခွဲမှု ဟုတ်၊မဟုတ်ကိုမူ ချက်ချင်း ခွဲခြားမသိနိုင်ကြောင်းဖြင့် ဗြိတိန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဂျွန်အာတိုးက ပြောကြားသည်။

ပစ်ခတ်

ဗုံးပေါက်သည့် နေရာသို့ အရောက်လာရန် ကြိုးပမ်းသည့် ဗြိတိန်တပ်ဖွဲ့ဝင်များအား ဒေသခံ အီရတ်ပြည်သူများက ကျောက်ခဲဖြင့် ပစ်ခတ်ကြောင်း စီအင်န်အင်န်က ကြေညာသည်။

ထည့်သွင်းကြေညာ

ဗုံးဖောက်ခွဲရာတွင် ကျောင်းကြိုဘတ်စ်ကား နှစ်စီးပါဝင်ပြီး ကလေးများ ထိခိုက်သေဆုံးကုန်သည်ဟုလည်း ဗြိတိန်စစ်ဘက်က ပြောသည်ဟု စီအင်န်အင်န်က ထည့်သွင်းကြေညာသည်။ ***စီအင်န်အင်န်။***

ပျက်စီးနေသည့် ဈေးဆိုင်ခန်းများ

မေ၂၂ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကားဗုံးများ ပေါက်ကွဲမှုကြောင့် ပျက်စီးနေသည့် ဈေးဆိုင်ခန်းများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌တွေ့သည့် အလောင်းလေးလောင်းအနက် သုံးလောင်းမှာမိမိအလုပ်သမားများဖြစ်ကြောင်း

ဟာလီဘာတန် ကုမ္ပဏီ ထုတ်ပြန်ကြေညာ

ဝါရှင်တန် မေ ၂၂

အီရတ်နိုင်ငံ၌ မေ ၉ ရက်က ထောက်ပံ့ရေးမော်တော်ယာဉ်တန်း အတိုက်ခံရပြီးနောက် တွေ့ရှိသော အလောင်းလေးလောင်းအနက် သုံးလောင်းမှာတက္ကဆက်အခြေစိုက် ဟာလီဘာတန် ကုမ္ပဏီမှအလုပ်သမားများ၏အလောင်းများဖြစ်ကြောင်း အင်္ဂါနေ့က ကြေညာသည်။

မိမိတို့အလုပ်သမားများ ဆုံးရှုံးရသည့်အတွက် ဝမ်းနည်းကြောင်းနှင့် ၎င်းတို့၏မိသားစုထံသို့လည်း ဝမ်းနည်းကြောင်းကိုယနေ့ ပြောကြားလိုက်သည်ဟု ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူ ဝင်ဒီဟောက်က ကြေညာသည်။

ဘဂ္ဂဒက်မြို့အနောက်ဘက်၌ မော်တော်ယာဉ်တန်း တိုက်ခိုက်ခံရပြီးနောက် အလောင်းလေးလောင်း တွေ့ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက လွန်ခဲ့သည့်ရက်သတ္တပတ်က ကြေညာသည်။ စတုတ္ထမြောက်အလောင်းမှာ မည်သူမည်ဝါ၏ အလောင်းဖြစ်ကြောင်း မကြေညာသေးပေ။

အလောင်းသုံးလောင်းမှာ မစ်ချီဂန်ပြည်နယ် မန်နစ္စတီမှ စတင်ဖင်ဟူးလက် (၄၈နှစ်)၊ အီလီနွိုက် ပြည်နယ် ပစ္စဘတ်မှ ဂျက်စွန်တက် (၅၂နှစ်)နှင့် လူဝီစီယားနားပြည်နယ်၊ လိပ်ချားလ်မှ ဂျက်ဖရီပါကာ (၄၅ နှစ်)တို့ဖြစ်ကြောင်း ကုမ္ပဏီက ကြေညာသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

မေ၂၂ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကားဗုံးများပေါက်ကွဲရာ၌ ပျက်စီးသွားသည့် ကားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ၂၀၀၃ခုနှစ် မေ ၁ရက်နောက်ပိုင်း အသေအပျောက်များသည့်တိုက်ခိုက်မှုများ

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံ၌ တိုက်ပွဲကြီးများပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ၂၀၀၃ ခုနှစ်မေလ ၁ရက်နေ့တွင် ကြေညာပြီးနောက်အီရတ်နိုင်ငံ၌ အသေအပျောက်အများဆုံးသော တိုက်ပွဲအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၂၀၀၃ ခုနှစ်

ဩဂုတ် ၇ ရက် ။ ။ ဂျော်ဒန်သံရုံးအပြင်ဘက်ကားဗုံးပေါက်ကွဲသဖြင့် လူ ၁၉ ဦးသေဆုံးသည်။

ဩဂုတ် ၁၉ရက် ။ ။ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ်ကို ထရပ်ကားဗုံးဖြင့် တိုက်ခိုက်သဖြင့် ကုလသမဂ္ဂ ထိပ်တန်းသံတမန်အပါအဝင် လူ ၂၃ ဦးသေဆုံးသည်။

ဩဂုတ် ၂၉ ရက် ။ ။ နာဂျက်ဖ်မြို့အနီးတွင် ကားဗုံးကွဲသဖြင့် ရှီးယိုက်ခေါင်းဆောင် အယာတိုလာအယ်ဟာခင် အပါအဝင် လူ ၈၅ ဦးမက သေဆုံးသည်။

အောက်တိုဘာ၂၇ရက် ။ ။ ဘဂ္ဂဒက်မြို့ရှိ အီရတ်ရဲစခန်းလေးခုနှင့် နိုင်ငံတကာ ကြက်ခြေနီဌာနချုပ်တို့ကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲမှု လေးခုကြောင့် အီရတ်အများစု အပါအဝင် လူ ၄၀ သေဆုံးသည်။

နိုဝင်ဘာ ၁၂ ရက် ။ ။ နာဆီရီယာမြို့ရှိ အီတလီစစ်ရဲဌာနချုပ်ကို အသေခံကားဗုံးခွဲသည့်အတွက် လူ ၃၀ကျော် သေဆုံးသည်။

ဒီဇင်ဘာ ၁၄ ရက် ။ ။ ဘဂ္ဂဒက်မြို့အနောက်ပိုင်းရဲစခန်းအပြင်ဘက်တွင် အသေခံကားဗုံးခွဲသည့် အတွက် အနည်းဆုံး ၁၇ ဦး သေဆုံးသည်။

ဒီဇင်ဘာ ၂၇ ရက် ။ ။ ကာဘာလာမြို့အုပ်ချုပ်ရေးမှူးရုံးနှင့် အမေရိကန်နှင့် အပေါင်းပါတပ်များ၏ စခန်းတို့ကို အသေခံဗုံးခွဲခြင်းနှင့်တကွ စိန်ပြောင်း၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်သည့်အတွက် လူ ၁၉ ဦး သေဆုံးသည်။

၂၀၀၄ ခုနှစ်

ဇန်နဝါရီ ၁၈ ရက် ။ ။ ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်ဦးဆောင်သော တပ်များ၏ဌာနချုပ် ဂိတ်ဝအနီးတွင် အသေခံကားဗုံးခွဲသည့်အတွက် အနည်းဆုံး ၃၁ ဦးသေဆုံးသည်။

ဖေဖော်ဝါရီ ၁ ရက် ။ ။ အာဘီးလ်မြို့ရှိ ကာ့ဒ်နိုင်ငံရေးပါတီရုံးနှစ်ရုံးကို အသေခံဗုံးခွဲမှုနှစ်ခုကြောင့် လူ ၁၀၉ ဦး သေဆုံးသည်။

ဖေဖော်ဝါရီ ၁၀ ရက် ။ ။ အစ္စတန်ဒါရီယာမြို့ ရဲစခန်းအပြင်ဘက်တွင် အသေခံဗုံးခွဲသဖြင့် လူပေါင်း ၅၃ ဦး သေဆုံးသည်။

ဖေဖော်ဝါရီ ၁၁ ရက် ။ ။ ဘဂ္ဂဒက်မြို့တော်ရှိ စစ်သားစုဆောင်းရေး စခန်းအပြင်ဘက် စောင့်ဆိုင်းနေကြသော အီရတ်လူအုပ်ကြီးကို အသေခံကားဗုံးခွဲသဖြင့် ၄၇ ဦးသေဆုံးသည်။

မတ် ၂ ရက် ။ ။ ကာဘာလာနှင့် ဘဂ္ဂဒက်မြို့တော်ရှိ ရှီးယိုက်အထွတ်အမြတ်နေရာတို့ကို ဗုံးခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး ၁၈၁ ဦးသေဆုံးသည်။

မေ ၂၁ ရက် ။ ။ အီရတ်တောင်ပိုင်းဘာဆာရာမြို့ရှိ ရဲစခန်းများနှင့် ရဲသိပ္ပံအနီး အသေခံဗုံးခွဲမှု ငါးခုကြောင့် အနည်းဆုံး ၆၈ ဦးသေပြီး၊ လူ၂၀၀ ဒဏ်ရာရရှိသည်။ ***အင်တာနက်။***

နေရပ်ပြန်လိုသည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၁၃ဦး အီရတ်မှ ပြန်ခွင့်ပြု

ဘဂ္ဂဒက် မေ ၂၂

အီရတ်တွင် တပ်ဖွဲ့ဝင်၄၅၀ဦးရှိသည့် ဘူဂေးရီးယားတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၁၃ဦးတို့က နေရပ်သို့ ပြန်ခွင့်ပေးရန် မေတ္တာရပ်သဖြင့် ခွင့်ပြုလိုက်ကြောင်းဖြင့် ဘူဂေးရီးယား စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနီကိုလာကိုလက်ဗ်က ယနေ့ ပြောကြားလိုက်သည်။

အီရတ်မှ ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၂၃ဦး နေအိမ်သို့ ပြန်ကြမည်ဖြစ်ကြောင်း ၎င်းကကြေညာသည်။ ၁၃ဦးမှာ မေတ္တာရပ်ခံပြီး ပြန်ခွင့်ရကြပြီး တပ်ဖွဲ့ဝင်ရှစ်ဦးမှာ စစ်မြေပြင်တွင်အနေကြာ၍ ပြန်ခွင့်ပေးခြင်းဖြစ်သည်။ ကျန်တစ်ဦးမှာ ကျန်းမာရေးမကောင်း၍ဖြစ်ပြီး နောက်တစ်ဦးမှာ စည်းကမ်းဖောက်၍ ပြန်လွှတ်ခြင်း ဖြစ်သည်ဟု သိရသည်။

အီရတ်၌ တာဝန်ထမ်းဆောင်သည့် တပ်ဖွဲ့အနေဖြင့် နေရပ်ပြန်လိုက ပြန်နိုင်ကြောင်း ဘူဂေးရီးယားနိုင်ငံက ကြေညာထားသည်။

စပိန်နိုင်ငံနှင့်တကွ အခြားနိုင်ငံအချို့က အီရတ်မှ တပ်များ ရုပ်သိမ်းမည်ဖြစ်ကြောင်း ကြေညာပြီး နောက် ဘူဂေးရီးယားကလည်း ယင်းသို့ စီစဉ်ရခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တပ်ရုပ်သိမ်းခြင်းဖြင့် အမေရိကန် တပ်ဖွဲ့ဝင်များအတွက် အီရတ်တွင် အခက်တွေ့စေသည်။

ရုပ်သိမ်းသွားသော တပ်နေရာတွင် ရက်သတ္တနှစ်ပတ် သုံးပတ်အတွင်း အစားထိုးနိုင်မည်ဟု ယုံကြည် ကြောင်းဖြင့် ဗိုလ်ချုပ်ကြီးကိုက်ဗ်က ယနေ့ပြောဆိုသည်။

အင်တာနက်။

သဲအင်းဂူတရားစခန်းပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း မှော်ဘီမြို့ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသောဘိတ (ဦးစလင်း) ဦးဆောင်သော ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်မြတ်တို့သည် မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ်သို့ နွေရာသီ ဓမ္မဒူတခရီးကြွရောက်ပြီး ဧပြီ ၂၄ ရက်မှ မေ ၉ ရက်အထိ လေးရွာ၊ မြောင်းခြား၊ လက်ပံတော၊ ဘုန်းခေါင်ဂူကျောင်းကျေးရွာများတွင် ငါးရက်စခန်းများဖွင့်၍ မူလသဲအင်းဂူဆရာတော်ကြီး၏ နည်းနိသယနှင့်အညီ ဝိပဿနာတရားများကို ဟောကြားပြသပေးမည်ဖြစ်သည်။ (က-ပ)

မြို့ခြံဈေးတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

အမှန်တရားအား ခံစားနားလည်နိုင်ကြပါစေ

ကေတုနီလာ

မြန်မာနိုင်ငံ၏ လက်ရှိပကတိသမိုင်းခေတ်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ကြီးမားသောတိုးတက်ပြောင်းလဲ ဖြစ်ထွန်းမှုများနှင့်အတူ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး ပထမအဆင့်ဖြစ်သည့် ယာယီအားဖြင့် ဆိုင်းငံ့ထားသော အမျိုးသားညီလာခံကြီးအား ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပရန် ထုတ်ပြန်ကြေညာခဲ့သည်အထိ ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း မြန်မာပြည်ပြေးဝရမ်းပြေးအုပ်စုဝင်များနှင့် နိုင်ငံတကာနယ်ချဲ့ကိုလိုနီလက်သစ်များသည် လည်းကောင်း၊ ပြည်တွင်းရှိ အချို့သော နိုင်ငံရေးသမားအမည်ခံ အဖျက်သမားများသည်လည်းကောင်း မြန်မာနိုင်ငံ၏ ပြောင်းလဲဖြစ်ပေါ်တိုးတက်လာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများအား မျက်ကွယ်ပြု လျစ်လျူရှုပြီး မည်သို့မျှတိုးတက်ပြောင်းလဲခြင်း မရှိသကဲ့သို့ ပုတ်ခတ်ဝေဖန်နေကြသည့်အပြင် မြန်မာနိုင်ငံအပေါ်တွင် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ပင်ရေးကိုပင် တောင်းဆိုလျက်ရှိသည်မှာ မြန်မာနိုင်ငံ၏ အကျိုးစီးပွားထက် ယင်းတို့၏ အကျိုးစီးပွားဖြစ်သော ကြားဖြတ်အာဏာရယူရေးအတွက် ဖြစ်သည်ဟုဆိုရန်မှတစ်ပါး အခြားမရှိပြီ။

မည်သို့ပင်ဖြစ်စေ ပကတိအရှိတရားကို မည်မျှပင်ဖုံးဖိရန် ကြိုးပမ်းစေကာမူ ယာယီမျှသာရကောင်း ရနိုင်သော်လည်း ထာဝရဖုံးဖိရန် မရနိုင်ပေ။ တစ်နည်းအားဖြင့် မြန်မာမှုဆိုထုံးစကားအရ ဟုတ်လျှင်ကျော်ပြီး ပုပ်လျှင်ပေါ်မည်သာဖြစ်သည်။ စင်စစ်မြန်မာနိုင်ငံ၏ မျက်မှောက်ပကတိ အရှိတရားများသည် မြင်သာထင်သာသော အခြေခံအဆောက်အအုံများ၊ တိုးတက်ဖြစ်ထွန်းမှုများသည် မည်သည့်ခေတ်တွင်မျှ မရရှိခဲ့ဖူးပေ။ နိုင်ငံရေးအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၇) ဖွဲ့နှင့် ငြိမ်းချမ်းရေးရယူနိုင်ခဲ့ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံ ကျင်းပနိုင်ခြင်း၊ စီးပွားရေးအရ ဈေးကွက်စနစ်ကို စနစ်တကျ အကောင်အထည်ဖော်လာနိုင်ခြင်းတို့အပြင် လယ်ယာစီးပွားရေး တိုးတက်ရန် ဆည်မြောင်းတာတမံများ ရာနှင့်ချီပြီး တည်ဆောက်ပေးခြင်း၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးရေနက်ကွင်းများအား လယ်ယာမြေအဖြစ် တိုးချဲ့ဖော်ထုတ်၍ လယ်ယာကောက်ပဲသီးနှံများ စိုက်ပျိုးစေခြင်းတို့ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုသကဲ့သို့ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးနှင့် တိုင်းရင်းသားပြည်သူတို့၏ ကူးသန်းသွားလာမှုကို လွယ်ကူချောမောစေသော မြစ်ကူးတံတားကြီးများ အပါအဝင် လမ်းတံတားများကို တိုးချဲ့တည်ဆောက် ဖောက်လုပ်နိုင်ခဲ့သည်။ အလားတူပင် လူမှုရေးအရ ပညာရေးနှင့် ကျန်းမာရေးတို့တွင်လည်း အခြေခံမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများကိုလည်း ဘာသာရပ်ဆိုင်ရာအလိုက် တိုးချဲ့တည်ဆောက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ဆေးရုံများ၊ ဆေးပေးခန်းများကိုလည်း တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ကျေးလက်ဒေသများအထိ အဆင့်လိုက် တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပြီး ပြည်သူတို့၏ ကျန်းမာရေးကို စောင့်ရှောက်ကုသပေးလျက်ရှိသည်။ ဤသည်တို့မှာ မြန်မာနိုင်ငံတွင် ပကတိအရှိတရားအရ ဖြစ်တည်နေသော ပြောင်းလဲတိုးတက်မှုများပင် ဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ ပကတိအရှိတရားများကို အပြုသဘောဖြင့် လေ့လာနားလည်စာနာကြသော အာဆီယံနိုင်ငံများနှင့် ဒေသတွင်းရှိနိုင်ငံများက မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အချို့သော ဥရောပနိုင်ငံများကလည်း အပြုသဘောဖြင့် ချဉ်းကပ်လေ့လာ လျက်ရှိကြသည်။ ယင်းအပြင် ပြည်ပရောက် မြန်မာပညာရှင်အများစုနှင့် ပြည်ပပညာရှင်အချို့ကလည်း အပြုသဘောဖြင့်လေ့လာပြီး စာတမ်းများပြုစုရေးသား ဖတ်ကြားဟောပြောကြသည်ကိုလည်း လေ့လာသိရှိရသည်။

ယင်းတို့အနက် ၂၀၀၄ ခုနှစ် မတ်လ ၂၅ ရက်နေ့က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်တွင် ကျင်းပခဲ့သော "အမေရိကန်နှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးကို ပြန်လည်သုံးသပ်ခြင်း" ဟောပြောပွဲမှ မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး နှစ်ပေါင်းသုံးလေးဆယ်ခန့် လေ့လာကျွမ်းကျင်ခဲ့ကြသည့် အမေရိကန် ပါမောက္ခဟောင်း ဂျွန်ဘက်ရှ်လေ၊ ဂျော့ဂျ်တောင်းတက္ကသိုလ် ပါမောက္ခ ဒေးဗစ်စတိုင်၊ ဗြိတိသျှပါမောက္ခဟောင်း ရောဘတ်တေလာ၊ စင်ကာပူတက္ကသိုလ် နိုင်ငံရေးပညာလက်ထောက်ပါမောက္ခ ဦးကျော်ရင်လှိုင်အပါအဝင် အင်တာနေရှင်နယ် ခရိုက်စစ်ဂရု(ပ်)မှ အထက်တန်းဝေဖန်ဆန်းစစ်သူ မော်တင်ပီတာဆင်တို့၏ ဟောပြောချက်များကို လိုရင်း သဘောမျှ တင်ပြချင်ပါသည်။

ဤတွင် ပထမဦးစွာ ပါမောက္ခဟောင်း ဂျွန်ဘက်ရှ်လေက ဟောပြောသွားသည်မှာ **"အခု မြန်မာစစ်အစိုးရဟာ သဘောထားပြောင်းလဲလာတယ်လို့ မိမိထင်မြင်ပြီး ပိတ်ပင်မှုချမှတ်တာဟာ မြန်မာနိုင်ငံအတွက် ချမှတ်ပေးမယ့်အစား အမေရိကန်အကျိုးစီးပွားတွေကို ကြည့်ပြီးလုပ်ဆောင်သင့်ကြောင်း၊ အထူးသဖြင့် အမေရိကန်ရဲ့ မဟာဗျူဟာအကျိုးစီးပွားကို အရေးတကြီး ထားသင့်တဲ့အတွက် အမေရိကန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံသားတွေဟာ မလိုအပ်ဘဲ ရန်သူတွေ မတိုးလိုပါ။ မလိုအပ်ဘဲ မြန်မာနိုင်ငံကိုလည်း ရန်သူလုပ်ထားတော့ မြန်မာနိုင်ငံမှာ အမေရိကန်ရဲ့ ရင်းနှီးမြှုပ်နှံမှုမရှိဘဲ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေက စီးပွားရေး ခြေသွက်နေတာကို အမေရိကန်နိုင်ငံအနေနဲ့ စိုးရိမ်သင့်တဲ့အကြောင်း"** ဝေဖန်ပြောကြားခဲ့သည်။

ယင်းနောက် စင်ကာပူတက္ကသိုလ် နိုင်ငံရေးပညာလက်ထောက်ပါမောက္ခ ဦးကျော်ရင်လှိုင်က ဟောပြော သည်မှာ **"မိမိပြောချင်တာကတော့ ပိတ်ပင်မှုဟာ အလုပ်မဖြစ်တဲ့အပြင် မြန်မာနိုင်ငံကို အထောက်အကူမပြုဘဲ အခြေအနေကို ပိုပြီးဆိုးရွားစေပါတယ်။ ပိတ်ပင်မှုဟာ အစိုးရကို မထိခိုက်ဘူးလို့ မပြောနိုင်ပေမယ့် လူထုကို ပိုမိုထိခိုက်တဲ့အကြောင်း၊ ပိတ်ပင်မှုကို ထောက်ခံသူတွေအနေနဲ့ ဒီလူထုတွေ ထိခိုက်တာဟာ ရောပါသွားတာ၊ မတော်တဆဖြစ်သွားကြတာလို့ ပြောနိုင်ကြပေမယ့် အဲဒီလိုကြားထဲမှာ ရောပါသွားတဲ့ လူထုတွေဟာ မိမိတို့ရဲ့ မိတ်ဆွေတွေ၊ မိသားစုဝင်တွေ၊ ဆွေမျိုးတွေ၊ နိုင်ငံသားတွေ ဖြစ်တဲ့အတွက် သူတို့ပြောတာကိုကြားရရင်ဖြစ်ဖြစ်၊ ကြားခွင့်ရရင်ဖြစ်ဖြစ် အခုလို ပိတ်ပင်မှုတွေကို ထောက်ခံလိုစိတ် ရှိမှာမဟုတ်တဲ့အကြောင်း"** မြန်မာနိုင်ငံသားတစ်ဦး၏ ခံစားချက်ဖြင့် ဟောပြောသွားခဲ့သည်။

အလားတူပင် ဂျော့ဂျ်တောင်းတက္ကသိုလ်ပါမောက္ခဒေးဗစ်စတိုင်းဘတ်ကလည်း **"အမေရိကန်အစိုးရက မြန်မာစစ်အစိုးရရဲ့ ကောင်းကွက်တွေကို အသိအမှတ်ပြုပြောကြားခြင်းမရှိသလို အခြေခံအဆောက်အအုံတွေ တည်ဆောက်တာ၊ အပစ်အခတ်ရပ်စဲမှုတွေ လုပ်တာ၊ ဘိန်းစိုက်ပျိုးမှုကို လျှော့ချနိုင်ခဲ့တာတွေကို အမေရိကန်အစိုးရက တရားဝင်ပြောဆိုခြင်းမရှိခဲ့ကြောင်း အထက်လွှတ်တော်အမတ် မက်ကော်နယ်ပြောသလို ပိတ်ပင်မှုချမှတ်ရတာဟာ မြန်မာစစ်အစိုးရ ပြောင်းလဲရေးအတွက် အကြောင်းရင်းဖြစ်တယ်လို့ ဆိုပေမယ့် ပိတ်ပင်မှုဟာ စစ်အစိုးရပြောင်းလဲသွားမယ်လို့ မထင်တဲ့အကြောင်း၊ တကယ်က စစ်အစိုးရကို ကမ္ဘာ့နိုင်ငံတွေနဲ့ ပိုမိုထိတွေ့ ဆက်ဆံလာအောင် လုပ်ရမယ့်အစား ကျွန်တော်တို့ အမေရိကန်နိုင်ငံက အထီးကျန်အောင်လုပ်နေတယ်။ အမေရိကန်အစိုးရ အဆက်ဆက်က မြောက်ကိုရီးယားကို ပိုမိုဆက်ဆံလာအောင်လုပ်ပြီး အပြောင်းအလဲဖြစ်အောင် လုပ်ဖို့ကြိုးစားနေသလိုပဲ မြန်မာနိုင်ငံကိုလည်း အလားတူ ဆက်ဆံရမှာ ဖြစ်တဲ့ အကြောင်း၊ ဒီပိတ်ပင်မှုဟာ အမေရိကန်ရဲ့ အကျိုးစီးပွားကိုလည်း ထိခိုက်စေတယ်လို့ ထင်ကြောင်း"** ဟောပြောခဲ့သည်။

ထိုနည်းတူ လန်ဒန်တက္ကသိုလ် နိုင်ငံရေးပါမောက္ခဟောင်းဖြစ်ပြီး စင်ကာပူ အရှေ့တောင်အာရှ လေ့လာရေးဌာန၏ သုတေသနပညာရှင် ဒေါက်တာရောဘတ်တေလာကလည်း **"စစ်အစိုးရဟာ အကြီးအကျယ်ပြောင်းလဲသွားပြီး ၁၉၈၈ ခုနှစ်က အာဏာယူခဲ့တဲ့ အစိုးရနဲ့ တော်တော်ကွာခြားသွားသလို နိုင်ငံရေးအကွက်တွေ အများကြီးမြင်တဲ့အပြင် အများကြီးတတ်မြောက်လာခဲ့ကြောင်း၊ အခြေအနေအရပ်ရပ်ကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်ပြီး နိုင်ငံကို အုပ်ချုပ်ရာမှာ အခက်အခဲတွေကြားက မှတ်လောက်သားလောက်အောင် အပြောင်းအလဲတွေ လုပ်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် စစ်အစိုးရဟာပြည်တွင်းရေးနဲ့ အပြည်ပြည်ဆိုင်ရာတွေမှာ ဖြေရှင်းနိုင်စွမ်းရှိပြီး အပစ်အခတ်ရပ်စဲရေးကိစ္စတွေကို လုပ်နိုင်ခဲ့တဲ့အကြောင်း"** ပြောသွားခဲ့သည်။

ယင်းအပြင် အင်တာနေရှင်နယ်ခရိုက်စစ်ဂရု(ပ်)မှ မော်တင်ပီတာဆင်က "စစ်အစိုးရဟာ အရင်ကထက် ပိုမိုခိုင်မာပြီး ပိတ်ပင်မှုနဲ့ဖြုတ်ချလို့မရသလို ဒီမိုကရေစီထူထောင်ရာမှာ ပါတီအဖွဲ့အစည်းတွေကလည်း အားနည်းလှတဲ့အကြောင်း" ဟောပြောပြီးနောက် ဒေါက်တာဂျွန်ဘက်ရှ်လေက "မိမိတို့ဟောပြောသူအားလုံး သဘောတူညီထားတဲ့အချက်က မြန်မာနိုင်ငံမှာ မကြာခင် အမျိုးသားညီလာခံ ကျင်းပဖြစ်ဖို့နဲ့ ရွေးကောက်ပွဲတစ်မျိုးမျိုး ကျင်းပဖို့ အလားအလာများတဲ့အကြောင်း" နိဂုံးချုပ် သုံးသပ်ဟောပြောခဲ့သည်။

တစ်ဆက်တည်း တင်ပြချင်သည်မှာ NBARအာရှသုတေသနအဖွဲ့က ၂၀၀၄ ခုနှစ် မတ်လဆန်းတွင် ထုတ်ဝေခဲ့သော အယ်ဒီတာဂျွန်ဘက်စလေ တည်းဖြတ်သည့် "မြန်မာနိုင်ငံ ပြန်လည်သင့်မြတ်ရေး၊ အမေရိကန်-မြန်မာ ဆက်ဆံရေးစာတမ်းများ"စာအုပ်မှ သဘောထား အယူအဆများဖြစ်သည်။ စာအုပ်ကို တည်းဖြတ်သူ ဂျွန်ဘက်စလေသည် ၁၉၅၇ ခုနှစ်တွင် ဇနီးဖြစ်သူနှင့်အတူ မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး ၁၉၅၇-၅၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ခရီးထွက်လေ့လာ၍ မြန်မာနိုင်ငံနှင့်ပတ်သက်သော ပါရဂူဘွဲ့စာတမ်းများအား ရေးသားပြုစုကာ အမေရိကန်နိုင်ငံ ဘာကလေတက္ကသိုလ်မှာ တင်သွင်းခဲ့သည်။ သမီးဖြစ်သူကို ရန်ကုန်မှာ မွေးဖွားခဲ့သည်။ ပါရဂူဘွဲ့စာတမ်းတင်ပြီးနောက် မြန်မာစကားကို စနစ်တကျလေ့လာရန် ကော်နယ်လ်တက္ကသိုလ်တွင် မြန်မာစာ၊ မြန်မာစကားကို လေ့လာခဲ့သူဖြစ်သည်။ ယင်းနောက် မြန်မာနိုင်ငံသို့ပြန်လာ၍ မကွေး၊ ပခုက္ကူ၊ မုံရွာမြို့များ တွင် တစ်နှစ်ခန့်နေထိုင်ပြီး မြန်မာလူမျိုးအလွှာစုံမှ ၁၂၀ ကျော်နှင့် တွေ့ဆုံမေးမြန်းလေ့လာကာ "မြန်မာတို့အကြား နိုင်ငံရေး" စာအုပ်အား ရေးသားထုတ်ဝေခဲ့သည်။

ယခု မတ်လဆန်းတွင် ထုတ်ဝေခဲ့သော ဂျွန်ဘက်စလေ တည်းဖြတ်သည့် **"မြန်မာနိုင်ငံ ပြန်လည်သင့်မြတ်ရေးစာတမ်း"**တွင် ရေးသားထားသည်မှာ **"အမေရိကန်က စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပေါ်ထွန်းလာရေးအတွက် အထောက်အပံ့ မဖြစ်နိုင်သကဲ့သို့ အုပ်ချုပ်သူ အထက်လွှာကိုလည်း မထိခိုက်သည့်အပြင် ပိုပြီးပြင်းထန်လာစေနိုင်ကြောင်း၊ အမေရိကန်အစိုးရက ပိုပြီးစိတ်ရှည်သည်းခံ၍ မြန်မာနိုင်ငံ၏ အောက်ခြေအနေအထားကို လေ့လာရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်တို့ကို ကူညီမှုများနှင့်အတူ မြန်မာပြည်သူများ၏ တိုးတက်အောင် လုပ်ဆောင်နိုင်သော စွမ်းရည်အတိုင်းအတာနှင့်အညီ လိုက်နာဆောင်ရွက် ရမည်ဖြစ်ရာ မိမိဖြစ်စေချင်သည်ကို အဓမ္မလုပ်ရန် မသင့်ကြောင်း၊ ယင်းအပြင် အရေးယူပိတ်ဆို့မှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေခံနိုင်ငံရေးသဘောသဘာဝကို နားမလည်၊ သဘောမပေါက်ရာရောက်ကြောင်း"** စသဖြင့် သုံးသပ်တင်ပြထားသည်။

အလားတူပင် ၂၀၀၄ ခုနှစ် မတ်လ ၃၁ ရက်ည ၈နာရီ ၁၅ မိနစ်တွင် ဘီဘီစီအသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သော မြန်မာပိုင်းအစီအစဉ်မှ **"မြန်မာ့အရေး၊ ကမ္ဘာ့အရေးကဏ္ဍမှ တင်ပြချက်"**အခန်းတွင်လည်း ဂျွန်ဘက်စလေက **မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သဘောထားကို ရှင်းလင်းဖြေကြားခဲ့သည်မှာ "မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်းဆိုတဲ့ စကားဟာ အမေရိကန်မှာ အင်မတန်ဆိုးရွားတဲ့ စကားဖြစ်နေပေမယ့် အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲဆိုတာ ကြေညာလုပ်ကိုင်လာပြီးတဲ့နောက် အမေရိကန် ပြည်ထောင်စုအတွက် ပြဿနာတွေတက်နေတဲ့အချိန်မှာ အရှေ့တောင်အာရှနိုင်ငံတွေထဲက အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်ပါ့မယ်ဆိုတာ** မြန်မာနိုင်ငံဟာ အရင်ဆုံးပြောခဲ့ကြောင်း၊ ကျွန်တော် မြန်မာနိုင်ငံသွားတုန်းက အမေရိကန်သံရုံးဟာ တစ်အုပ်စုတည်းနဲ့သာ ဖောက်ချဆက်သွယ်လုပ်ကိုင်နေတာတွေ့ရပြီး အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒဟာ **၁၅ နှစ်လုံးလုံး လူပုဂ္ဂိုလ်တစ်ဦးတည်းပေါ်မှာ အခြေပြုချမှတ်ထားတာတွေ့ရသလို အမေရိကန်ရဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒကို လူပုဂ္ဂိုလ်တစ်ဦးတည်းကသာ ချမှတ်ပြဋ္ဌာန်းပေးလာနိုင်တာကိုလည်း တွေ့ရတော့ အမေရိကန်နိုင်ငံဟာ ဒီလိုသဘောထားမျိုးကို ဘယ်နိုင်ငံအပေါ်မှာမှ မထားရှိသင့်ကြောင်း၊ အမေရိကန်ပြည်ထောင်စုဟာ ဒီမိုကရေစီစကားပြောသူတွေရဲ့ စကားကိုသာ နားထောင်ပြီး စီးပွားရေးဖွံ့ဖြိုးဖို့၊ အလုပ်အကိုင်သစ်တွေ ဖန်တီးပေးဖို့ စိတ်မဝင်စားတဲ့အပြင် အခုဆိုရင် အမေရိကန်ရဲ့ အရေးယူမှုကြောင့် မြန်မာနိုင်ငံမှာ အလုပ်အကိုင်ပေါင်း ငါးသိန်းလောက် ဆုံးရှုံးခဲ့ရကြောင်း၊ ပြည်ပရောက်မြန်မာ့အရေးလှုပ်ရှားသူတွေက မတရားခိုင်းစေခံရတဲ့ စက်ရုံဆိုတဲ့ အဲဒီစက်ရုံတွေက အလုပ်သမားတွေရဲ့ ဘဝဟာ အခြားအလုပ်သမားတွေထက် အများကြီးအဆင်ပြေကြတယ်၊ အဲဒီလို အလုပ်အကိုင်သစ်များ ဖန်တီးပေးသင့် ကြောင်း "** ရှင်းလင်းဖြေကြားခဲ့သည်။

ဤသို့လျှင် နှစ်ပေါင်းသုံးလေးဆယ်ကျော် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အစဉ်တစိုက် ထဲထဲဝင်ဝင် ကျွမ်းကျင်နှံ့စပ်စွာ သွားရောက်ထိတွေ့ လေ့လာခဲ့ကြသည့် ပညာရှင်များက မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ ပကတိအရှိတရားကို စာနာခံစားနားလည်ပြီး အပြုသဘောများဖြင့် ဝေဖန်သုံးသပ် အကဲဖြတ်သော အယူအဆနှင့် ရပ်တည်ချက်များသည် ယင်းတို့၏ ကိုယ်ကျိုးစီးပွားမရှိ လူ့အသိတရားအရ လူ့ကျင့်ဝတ်သိက္ခာနှင့်အညီ လူပီသသော လူသားချင်းစာနာမှုပင် ဖြစ်သည်။

စင်စစ်မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အပြုသဘောဝေဖန်သုံးသပ် အကဲဖြတ်ကြသော ဟောပြောတင်ပြ ရေးသားပြုစုကြခြင်းဖြင့် ယင်းပညာရှင်ပုဂ္ဂိုလ်များ၏ ကိုယ်ကျိုးစီးပွားဟူ၍လည်း မြန်မာနိုင်ငံတွင် လုံးဝနတ္ထိ ဘာမျှမရှိပေ။ ယင်းပညာရှင်ပုဂ္ဂိုလ်သည် နိုင်ငံရေးအာဏာအတွက်၊ စည်းစိမ်ချမ်းသာအတွက် မျှော်မှန်းချက်မထားဘဲ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေချင်သည့် ဆန္ဒတရားဖြင့် ဟောပြောတင်ပြ ပြုစုရေးသားကြခြင်းပင် ဖြစ်သည်။

ချုပ်၍ဆိုပါတော့မည်။ ကိုယ်ကျိုးစီးပွားမပါသော ပညာရှင်ပုဂ္ဂိုလ်များ၏ ရပ်တည်ချက်၊ သဘောထား၊ အယူအဆများနှင့် မြန်မာပြည်ပြေးဝရမ်းပြေးများ၊ ပြည်တွင်းမှ နိုင်ငံရေးသမားအမည်ခံ လူပုဂ္ဂိုလ်အချို့ အပါအဝင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ ကြားဖြတ်အာဏာရရေးဟူသော ကိုယ်နှင့်ကိုယ့်အုပ်စု အကျိုးစီးပွားအတွက် မျှော်လင့်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံချဲ့ကားလိမ်ညာစားနေသူများက မြန်မာနိုင်ငံအား ပိတ်ဆို့နှောင့်ယှက် စွက်ဖက်ကျူးကျော်ပေးမှ ဒီမိုကရေစီရမည်ဟူသော လူသားမဆန်စွာ လူ့ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သည့် ရပ်တည်ချက်သဘောထား အယူအဆများသည် မည်သူမှန်၍ မည်သူမှားသည်ကို အမေရိကန်အစိုးရ အပါအဝင် အနောက်အုပ်စုနိုင်ငံကြီးများက ဝေဖန်ပိုင်းခြားပြီး **အမှန်တရားအား ခံစားနားလည်နိုင်ကြပါစေ**ဟု အလေးအနက် ဆန္ဒပြုအပ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "သမ္မာဏကောပမသုတ်"**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၅** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၄၀** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၅၀** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - Frequency Distribution Tuble (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
- **၅:၃၀** ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဝင်းပပလှသူလေးရယ် (အပိုင်း-၂)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း-၃၅)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ

ကံမြင့်ကျောင်းတိုက်တွင် တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းဓမ္မဒူတတောရကျောင်းတိုက် နာယက ဆရာတော် အရှင်ပညိသာရ (ဓမ္မာစရိယ၊ ဘီအေ၊ အမ်အေ)အရှင်သူမြတ်သည် ဧပြီ ၂၅ရက်ညနေ ၃နာရီတွင် စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက်၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သင်တန်းဆင်းပွဲတက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် UNIAP တို့ ပူးပေါင်းစီစဉ်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့်ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များနှင့် အဖွဲ့ခေါင်းဆောင်များ၊ တိုင်းနှင့်ပြည်နယ်တာဝန်ခံများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းချီးမြှင့်သည်။ ထို့နောက် သင်တန်းသူ ဒေါ်ခင်မေစိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းသင်တန်းသို့ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့တို့မှ အဖွဲ့ဝင် သင်တန်းသူ ၂၉ဦးတို့သည် ဧပြီ ၂၁ရက်မှ ယနေ့အထိ သင်တန်းတက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် UNIAP တို့ ပူးပေါင်းစီစဉ်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကို အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ သင်တန်းဆင်း အမှာစကား ပြောကြားစဉ်။ (ပြည်ထဲရေး)

အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့က ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ စုစုပေါင်း အင်အား ၂၅၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာ ဒေါ်စမ်းမြက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းအကြောင်းကိုလည်းကောင်း၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းက အမျိုးသမီးများအား အကာအကွယ်ပေးထားသည့် ဥပဒေအခွင့်အရေးများအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်စန်းစန်းမြင့်က ၎င်းလုပ်ငန်းအဖွဲ့သို့ အလှူငွေကျပ်နှစ်သိန်းပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်မာလာတင့်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး လုပ်ငန်းအဖွဲ့က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ အဖွင့်အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများကို ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ-

(၁) မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က သတ်မှတ်ထားသည့် ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ-

(က) "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်"

(ခ) "စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်"

(ဂ) "ပြုစုကုသအောင်ပွဲရ မူးယစ်ကင်းစင်ဘဝ" (Treatment Works) တို့ ဖြစ်ပါသည်။

(၂) **ဝတ္ထုတို**ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀အတွင်း ဖြစ်ပါသည်။

(၃) **ဆောင်းပါး**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀အတွင်း ဖြစ်ပါသည်။

(၄) **တေးသီချင်း**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့နှင့်သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ကိုယ်ပိုင်သံစဉ်တေးသွား သီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရေးစာသားပါ အကြောင်းအရာတင်ပြပုံ ဦးတည်ချက် မှန်ကန်၍ ထိရောက်ရပါမည်။ ပြိုင်ပွဲဝင်မည့်တေးသီချင်းအား ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ် အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master ခွေနှင့်အတူ စာသားလက်နှိပ်စက်မိတ္တူ နှစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်ရွက်နှင့်အတူ ပေးပို့ရမည်။

(၅) **ကဗျာ**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀မှ ၁၀၀အတွင်းရှိရမည်။

(၆) **ကာတွန်း၊ ပန်းချီ၊ ပိုစတာ** ပြိုင်ပွဲနှင့် ပတ်သက်၍ အသက် ၁၀နှစ်အောက်၊ ၁၀နှစ်မှ၁၅နှစ်အောက်၊ ၁၅နှစ်မှ ၂၀နှစ်အောက်၊ အသက် ၂၀နှစ်အထက်ဟူ၍ လေးဆင့် ယှဉ်ပြိုင်ခွင့်ပြုပါသည်။ အသက်အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရပါမည်။ ရေးဆွဲမည့်စက္ကူယူလာရန်မလို။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

(၇) **ဓာတ်ပုံ**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၀ x ၁၄) လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံ မဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုနှစ်ဆု အထိသာ ခံစားခွင့်ရှိသည်။ (မှတ်ချက်။ ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✧ **ကျောဖုံးမှ**

နိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လမ်းများ၊ တံတားများ၊ ဆည်မြောင်းတာတမံများသည် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ဂုဏ်ယူဖွယ်ကောင်းလောက်အောင် တည်ဆောက်ပြီးစီးခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ မမျှော်မှန်းနိုင်ခဲ့မှုများ၊ စိတ်ကူးယဉ်ဖွယ်ရာ တည်ဆောက်မှုများကို မြန်မာအင်ဂျင်နီယာများ၏ အံ့မခန်းသည့် စွမ်းအားတို့ဖြင့် တည်ဆောက်ပြသနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

အထူးလိုအပ်

ယနေ့အချိန်အခါသည် လျှပ်စစ်ဓာတ်အား အထူးလိုအပ်လျက်ရှိသည့် အချိန်အခါဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်ဆန်သွားမည်မှာ သေချာကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား စီမံကိန်းများကို ယခုအခါ ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စုဆောင်းရရှိထားသည့် အရင်းအမြစ်များကို ကုန်ကျစရိတ်ကြီးမားသည့် ရေအားလျှပ်စစ်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံ၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် လျှပ်စစ်အင်ဂျင်နီယာများ၏ စွမ်းပကား အတတ်ပညာတို့ ဖော်ထုတ်ပြသရမည့် အလှည့်ရောက်ရှိလာနေပြီဖြစ်ကြောင်း။

မြန်မြန်ပြီးရန်ကြိုးပမ်း

လမ်းများ၊ တံတားများနှင့် ဆည်မြောင်းတာတမံများ စသည့် ရှေးဦးပိုင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ အနည်းနှင့်အများ ရှိခဲ့ကြောင်း၊ ယခုအခါ တည်ဆောက်ရေးပိုင်းဆိုင်ရာ အတွေ့အကြုံများ ရှိထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း အပါအဝင် ရေအားလျှပ်စစ် စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ မြန်မြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ စောပြီးသည်နှင့်အမျှ ပြည်သူများနှင့် နိုင်ငံတော်အတွက် စော၍ အကျိုးကျေးဇူး ရရှိခံစားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားစီမံကိန်း ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တာဝန်များကို ဂုဏ်ယူစိတ်ဖြင့် အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ဖြင့် မှာကြားသည်။

ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်အနီး ရှုရပ်မှ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းဧရိယာနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်းတွင် တည်ဆောက်သွားမည့် ကျောက်ဖြည့်တမံ၏ ပုံစံငယ်ကို ရှင်းလင်းပြသသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရေလွှဲပြွန် တည်ဆောက်ရန် ဆောင်ရွက်နေမှုများ၊ တမံအုတ်မြစ် ရေစိမ့်တားကွန်ကရစ်နံရံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ အသုံးပြုလျက်ရှိသည့် စက်ယန္တရားကြီးများ အခြေအနေကိုလည်းကောင်း၊ တမံအုတ်မြစ်ရေစိမ့်တား ကွန်ကရစ်နံရံ တည်ဆောက်ရာတွင် အသုံးပြုသည့် ကွန်ကရစ်၏ အရည်အသွေး စံချိန်စံညွှန်း ရှင်းလင်းပြသမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

၇၅မဂ္ဂါဝပ်ရရှိမည်

ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများတွင် ပါဝင်သည့် စီမံကိန်း တစ်ခုဖြစ်သည်။

ရွှေကျင်ချောင်းပေါ်တွင် တမံအလျားပေ ၃၆၁၀၊ အမြင့် ၁၈၅ ပေရှိ ကျောက်ဖြည့်တမံ တည်ဆောက်၍ ရေလှောင်ကန်မှ ရေအားအမြင့်ကို ရယူကာ လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်တံခါး မြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းခွင်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရေယူဥမင်လိုဏ်အထွက်ပိုင်းတည်ဆောက်ခြင်း လုပ်ငန်းများ၊ ရေယူဥမင်လိုဏ် အဝင်ပိုင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ရေအားလျှပ်စစ် ထုတ်ယူရရှိပြီး စိုက်ပျိုးရေပေးဝေနိုင်မည့် ဘက်စုံစီမံကိန်းဖြစ်သည်။

စီမံကိန်းကို ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ တောင်ဘက် ၂၁သမ ၅မိုင်ခန့်အကွာ ရဲနွယ်ချောင်းတွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုက ရဲနွယ်ရေလှောင်တမံတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကွမ်းချောင်းရေလှောင်တမံ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းမှတစ်ဆင့် ဖြူးမြို့နယ်ရှိ ကွမ်းချောင်းရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကွမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် စူးစမ်းလေ့လာ တိုင်းတာခဲ့မှုများ၊

လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကျောက်ဖြည့်တမံတည်ဆောက်သွားရန် စီစဉ်ထားမှုများ၊ တမံနှင့်ဆက်နွယ်သည့် ရေအားလျှပ်စစ်အဆောက်အအုံများ ဆောက်လုပ်ရန် စီစဉ်ထားမှုများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေး ညွှန်ကြားရေးမှူးဦးမော်သာထွေးက ရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်း၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေဝင်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်းနှင့် ဓာတ်အားပေး စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရဲနွယ် စီမံကိန်းသည် ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ် ထုတ်ယူနိုင်ပြီး လယ်မြေသို့ စိုက်ပျိုးရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆည်မြောင်းဦးစီးဌာနနှင့် ရေအားလျှပ်စစ်ဦးစီးဌာနတို့အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို အဆက်အစပ်ရှိရှိ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်အနီး ရှုရပ်မှ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုကြသည်။

မြင့်မြတ်သောလုပ်ငန်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှာ နိုင်ငံတော်နှင့်ပြည်သူများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုဖြည့် ဆည်းပေးမည့် မြင့်မြတ်သောလုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ဂုဏ်ယူဖွယ်အလုပ်ကို ကြိုးကြိုးစားစား စေတနာထား၍ လုပ်ကိုင်ကြရန်မှာကြားသည်။

ဧပြီ ၂၃ ရက်က နိုင်ငံတေ…
ပြန်လည်ထွက်ခွာတော့မည့် …
တို့အား ရန်ကုန်မြို့ ကုန်းမြ…

ထို့နောက် အတွင်းရေးမှူး…
ဆောင်ရွက်နေမှုများကို ရှုရပ်မှ …

ဆက်လက်၍ ပင်မတမံ…
လုပ်ငန်း ဆောင်ရွက်နေမှုများကို…
ဖောက်လုပ်ခြင်းလုပ်ငန်းကို လ…
ပြီးစီးမှု အခြေအနေများကိုလ…
ကြသည်။

ကွမ်းချောင်းရေအားလျှပ်စ…
၉မိုင်ခန့်အကွာ ကွမ်းချောင်း…
နေခြင်းဖြစ်သည်။ စီမံကိန်းအ…
ကျောက်ဖြည့်တမံ အပါအဝင် …
ကာလထက်စော၍ ပြီးစီးရန် စီ…
လျက်ရှိသည်။

ဧပြီ ၂၃ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Xu Shulai နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel Ma Shoudong တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှုရပ်မှ ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပင်မတမံတည်ဆောက်မည့်နေရာနှင့် တမံမြေဖို့ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁) ဖောက်လုပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ရေသွယ်ဥမင်လိုဏ် ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ဖြူးမြို့၏အနောက်တောင်ဘက် ၉မိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းအရ အလျားပေ ၁၂၆၀ အမြင့် ပေ ၂၄၀ ရှိ ကျောက်ဖြည့်တမံ အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလထက်စော၍ ပြီးစီးရန် စီမံကိန်းဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ရရှိပြီး စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဖြူးချောင်းရေလှောင်တမံ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ဖြူးမြို့နယ် ဖြူးချောင်း သဘော်မြောင်ရိုးအနီး အကောင်အထည်ဖော်လျက်ရှိသည့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက် အကောင်အထည်ဖော်ရန် ဖြစ်ပေါ်လာခဲ့မှု၊ ပင်မတမံ တည်ဆောက်ရန် အသင့်လျော်ဆုံးဖြစ်မည့်နေရာ ရွေးချယ်မှု၊ စီမံကိန်းတွင် ဦးစားပေးလုပ်ငန်း အဖြစ် အချင်း ၄ မီတာ၊ အရှည် ၇၅၅ မီတာရှိ ရေလွှဲဥမင်ကို စတင် ဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်းက ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ရေအားလျှပ်စစ်အဆောက်အအုံပိုင်းဆိုင်ရာ တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် လုပ်ငန်းခွင်ဧရိယာကို ရှုရပ်မှ ကြည့်ရှုကြပြီး စီမံကိန်းဧရိယာမှ စမ်းသပ်တူးဖော်ထားသည့် မြေသားနှင့် ကျောက်သားနမူနာများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှာ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၄၀ထုတ်ယူရရှိပြီး စိုက်ပျိုးရေ ပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးဗစ်တာက ရေလွှဲဥမင်လိုဏ်

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ် စီမံကိန်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်း၊ မြေသားတမံတည်ဆောက်ခြင်း လုပ်ငန်းများနှင့် လုပ်ငန်းကဏ္ဍအလိုက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရေအားလျှပ်စစ် ထုတ်ယူရရှိရေးအတွက် ရေအားလျှပ်စစ်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို မေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် အားပေးမှာကြားသည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ခပေါင်းချောင်းပေါ်တွင် မြေသားတမံ တည်ဆောက်၍ လယ်မြေဧရိယာတစ်သိန်းခန့် ရေပေးသွင်း စိုက်ပျိုးရန်နှင့် ရေအားလျှပ်စစ်မဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဖြစ်သည်။

ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှုရပ်မှ ကြည့်ရှုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး (၅)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် ကုန်းကြောတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်အဝင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အချင်း ၁၃ ဒသမ ၁၂ ပေ၊ အရှည်ပေ ၁၂၀၀ ရှိ ဖောက်လုပ်ပြီးဖြစ်သော ရေလွှဲဥမင်နှင့် ရေလွှဲဥမင် အထွက်ပိုင်းနေရာကို ဝင်ရောက်ကြည့်ရှု စစ်ဆေးကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ် ဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေးက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် Power Tunnel Outlet ကိုလည်းဝင်ရောက်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၄-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	စားကြမယ်ဟော့ ကောင်းကောင်း
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	သုံးဆယ်ရေလှောင်တမံ
၈:၃၀	၈။	International News.
၈:၄၅	၉။	Happy and Educational English Summer Course MRTV.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၀၀	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၃၅)**
၁:၃၅	၇။	အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့ (အပိုင်း-၁)
၁:၅၀	၈။	**လောကနီတိ-၅ "မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ" (ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်)(ဒါရိုက်တာ-ခင်ဇော်)**
၂:၃၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၄၅	၁၀။	International News.
၃:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English for Everyday Use.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅	၆။	အကပဒေသာ
၅:၃၀	၇။	တေးဂီတအစီအစဉ်
၅:၄၅	၈။	ချစ်စရာ့အရွယ် ကစားကြမယ်
၆:၁၀	၉။	ပျားလိမ္မော်စိုက်ပျိုးရေးလုပ်ငန်း
၆:၂၀	၁၀။	စားကြမယ်ဟော့ ကောင်းကောင်း
၆:၃၀	၁၁။	ညနေခင်းသတင်း
၇:၀၀	၁၂။	မိုးလေဝသအခြေအနေ
၇:၀၅	၁၃။	Discovery.
၇:၁၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်" (အပိုင်း-၅)**
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**မြန်မာဗီဒီယိုဇာတ်လမ်း "ကွန်" (အပိုင်း-၁) (ကျော်ဟိန်း၊ နန္ဒာလှိုင်၊ ချိုပြုံး)(ဒါရိုက်တာ-ကျော်ဇောလင်း)**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ဆုတောင်းပြည့်ကြေးတော်ကြီး ဘုရားပူဇော်ပွဲနှင့် စုပေါင်းရဟန်းခံရှင်ပြုသီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်ရှိအမှတ် (၃)ဝိုင်း ဒေးဒရဲကျောင်းတိုက်၌ သီတင်းသုံးအပူဇော်ခံလျက်ရှိတော်မူသော တိလောကာဓိပတိမဟာမုနိ ပေးမကုန်ဘေးလုံ ဒေသစာရီ ကိုးနဝင်းဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ပူဇော်ပွဲနှင့် စုပေါင်းရဟန်းခံရှင်ပြု၊သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲကို ယနေ့နံနက်၉နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ကြေးတော်ကြီးဘုရား ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသထံမှ ဘုရားဒါယကာ၊ ဒါယိကာမအလှူရှင် ဦးသက်-ဒေါ်မြင့်မြင့်(မိဘမေတ္တာ ရွှေဥသာ)နှင့် အလှူရှင်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူကာ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(ယာပုံ)**

ဆုတောင်းပြည့်ကြေးတော်ကြီးဘုရား သီတင်းသုံး အပူဇော်ခံရာသို့ မည်သူမဆို လာရောက်ဖူးမြော်ပူဇော်လှူဒါန်းနိုင်ကြသည်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား အိန္ဒိယသံအမတ်ကြီးတွေ့ဆုံ ကျေးလက်ရေရရှိရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်

ရန်ကုန် ဧပြီ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူငွေလာရောက် ပေးအပ်သော မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. R.K.Bhatia နှင့်အဖွဲ့အား ယနေ့ညနေ၃နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်က လမ်းညွှန်ချမှတ်ပေးနေမှု၊ စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေဖြင့် ဆောင်ရွက်နေမှု၊ စေတနာရှင်ပြည်သူများ ပါဝင်လှူဒါန်းလာမှုတို့ဖြင့် စက်ရေတွင်းများတူးဖော်ပေးနေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုများကို မှတ်တမ်းတင်ဆောင်ရွက်ထားရှိမှုများ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. R.K.Bhatia က ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အလှူငွေလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. R.K.Bhatia က မန္တလေးတိုင်း၊ မကွေးတိုင်းနှင့်စစ်ကိုင်းတိုင်းအတွင်းရှိ ရေရှားပါးသော ကျေးလက်ဒေသများ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဒေါ်လာ၂၂၅၀၀ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

ဆီလက်ထရွန်နစ်နည်းစနစ်သုံးပညာရေးစီမံခန့်ခွဲမှုသင်တန်းအတွက်ထုတ်လွှင့်မည့်အစီအစဉ်
၂၆-၄-၂၀၀၄(တနင်္လာနေ့)

Day -1

စဉ်	အချိန်	ပို့ချမည့်အကြောင်းအရာ	ကြာမြင့်ချိန်	မှတ်ချက်
၁။	နံနက်ပိုင်း ၈း၁၅	ခန်းကြီးဖွင့်ပွဲမိန့်ခွန်း	၁၅မိနစ်	ဦးမြင့်ဟန် ညွှန်/ချုပ် MERD
၂။	၈း၃၀ ၈း၄၅	သင်တန်းအကြောင်းသိကောင်းစရာ	၁၀မိနစ်	
၃။	၈း၄၅ ၈း၅၅	အကြိုစစ်ဆေးခြင်း(Pre-Test)	၁၀မိနစ်	
၄။	၈း၅၅ ၉း၀၀	ဆွေးနွေးမေးမြန်းအစီအစဉ်	၅မိနစ်	
၅။	၉း၀၀မှ၁၀း၀၂	-ကျောင်းဆေးရုံမိတ်ကြိုဆောင်ရွက်ရမည့်လုပ်ငန်းများ -ကျောင်းလုပ်ငန်းစီမံရွက်ရေးဆွဲခြင်း	၂၂မိနစ်	ဦးနု DBE(3)
၆။	၁၀း၀၂ မှ ၁၀း၀၇	ဆွေးနွေးမေးမြန်းအစီအစဉ်	၅မိနစ်	
၇။	၁၀း၀၇ မှ ၁၀း၂၂	-ကျောင်းရာနေ့အချိန်လုပ်ခြင်း -အခြေခံပညာကျောင်း/နှံများသေနံ့ရှင်းလင်းရေး -စီးပေးအွန့်ရှင်းမိကြိုကင်းကာကွယ်ရေး	၁၅မိနစ်	ဦးဝင်းကြည် DBE(3)
၈။	၁၀း၂၂ မှ ၁၀း၂၇	ဆွေးနွေးမေးမြန်းအစီအစဉ်	၅မိနစ်	
၉။	၁၀း၂၇ မှ ၁၀း၄၉	-ကျောင်းကောင်းတစ်ခုဖြစ်လာစေရန်ပြုစုပျိုးထောင်ခြင်း၊ -ပညာရေးဖြင့်တင်မှုအစီအစဉ်နှင့်ဆရာများ၏ အခန်းကဏ္ဍ	၂၂မိနစ်	ဦးစိုးထွန်းစတွင်း DBE(1)
၁၀။	၁၀း၄၉ မှ ၁၁း၁၀	ညနေပိုင်းထုတ်လွှင့်မည့်အစီအစဉ် -ဆွေးနွေးမေးမြန်းအစီအစဉ်	၁၀မိနစ်	
၁၁။	၁၁း၀၀ မှ ၁၃း၀၀	နေ့လယ်စာစားချိန်		
၁၂။	၁၃း၀၀ မှ ၁၃း၃၀	-အရှေ့ထပ်းသင်္ကေတကိုကာဆိုင်ရာများသေချာ ခြင်း၊ -ကျောင်းဆုပ်ကြီးတို့၏လုပ်ငန်းများ -ကျောင်းဝင်မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ -ကျောင်းသားကျောင်းသူများ၏ အသက် ပြင်ဆင်ခြင်း၊ -ကျောင်းထွက်လက်မှတ်ထုတ်ပေးခြင်း၊	၃၀မိနစ်	ဦးမိန်မြင့် DBE(1)
၁၃။	၁၃း၃၀ မှ ၁၃း၃၅	ဆွေးနွေးမေးမြန်းအစီအစဉ်	၅မိနစ်	
၁၄။	၁၃း၃၅ မှ ၁၃း၅၅	-ခန်းအမ်းသည်တကမ်းပိုင်းနှင့်အစုက်စွာများ၊ -ခန်းအမ်းသင်များအားသင်ညွှန်မှုကြားခြင်း၊	၂၀မိနစ်	ဦးအောင်အောင် DBE(1)
၁၅။	၁၃း၅၅ မှ ၁၄း၀၀	ဆွေးနွေးမေးမြန်းအစီအစဉ်	၅မိနစ်	
၁၆။	၁၄း၀၀ မှ ၁၄း၂၅	-စွင့်ကို့ရှင်ပြုနှာခြင်း၊ -ဝင်ငွေယူရှင်းတောင်းခံခြင်းနှင့်ပင်ငင်းအလျုံး အစား	၂၅မိနစ်	ဦးထွန်းရေး DBE(1)
၁၇။	၁၄း၂၅ မှ ၁၄း၃၀	ဆွေးနွေးမေးမြန်းအစီအစဉ်	၅မိနစ်	
၁၈။	၁၄း၃၀ မှ ၁၅း၀၀	-ပညာရေးစီမံခန့်ခွဲမှု	၃၀မိနစ်	ဦးအောင်ကြည် DG,DBE(3)
၁၉။	၁၅း၀၀	ပထမနေ့အစီအစဉ်ပြီး		

➪ စာမျက်နှာ ၇ မှ

အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင် ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက် ပေးပို့ရမည်။)

(၈) ကွန်ပျူတာပန်းချီပြိုင်ပွဲကို ပြည်နယ်/တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပပြုလုပ်ရမည်ဖြစ်ပြီး အထက်တန်း အဆင့်အတွက်(၈၊၉၊၁၀)တန်း ကျောင်းသူ၊ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး၊ အလယ်တန်းအဆင့် အတွက်(၅၊၆၊၇)တန်း ကျောင်းသူ၊ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

(က) ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Coreldraw, Photoshop,Clarif Office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။)

(ခ) ရေးဆွဲချိန်နှစ်နာရီ သတ်မှတ်ရန်၊

(ဂ) Floppy Disc နှစ်စုံကူးယူ၍ပြိုင်ပွဲဝင်ပုံစံနှင့်အတူပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။ (ရေးဆွဲသည့်ပုံကို ဓာတ်ပြားတစ်ချပ်တည်း၌ ထည့်သွင်းနိုင်ရန်အတွက် သိမ်းဆည်းရာတွင် Win ZIP ဖြင့် EXE ပုံစံဖြင့် အကျဉ်းချုံ့၍ ပို့သင့်ပါသည်။)

(ဃ) ရန်ကုန်တိုင်းအတွင်းမှ ကွန်ပျူတာပန်းချီပြိုင်ပွဲအား ကွန်ပျူတာတက္ကသိုလ်တွင် ၂၂-၅-၂၀၀၄ ရက် နံနက် ၉နာရီမှ၁၁နာရီအချိန်ထိ ကျင်းပပြုလုပ်သွားမည်။

(၉) ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲအား ပြည်နယ်/တိုင်းများတွင် အသက်၁၅နှစ်အထက်အလွတ်တန်းတစ်တန်းတည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီးကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲဝင် CDများအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်းမူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရပါမည်။

(၁၀) ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) ဝတ္ထုတို၊ ဆောင်းပါး၊တေးသီချင်း၊ ကဗျာ၊ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက် စသည့်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲအတွက် ပြည်နယ်/တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် ပြည်နယ်/တိုင်းအလိုက် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်/တိုင်းများအနေဖြင့် သင့်လျော်သည့် နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲအတွက် ရန်ကုန်တိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ပြတိုက်တွင် ၂၅-၅-၂၀၀၄ ရက် နံနက်၉နာရီမှ မွန်းတည့်၁၂နာရီထိ ကာတွန်း၊ မွန်းလွဲ၁နာရီမှ ညနေ၄နာရီအထိ ပန်းချီနှင့် ၂၆-၅-၂၀၀၄ရက် နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ ပိုစတာလက်တွေ့ရေးဆွဲယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်ပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံလက်ရာများကို ဒုတိယရဲမှူးကြီး ဝတင် မူးယစ်ဗဟိုရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန [ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်] ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာလက်ရာများကို သက်ဆိုင်ရာပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်းသတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

(၁၅) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများအား မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့်နေ့ရက်သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဝတ္ထုတို၊ ဆောင်ပါး၊ ကဗျာ ၂၀-၅-၂၀၀၄နေ့အရောက်။

(ခ) တေးသီချင်း၊ ပန်းချီ၊ကာတွန်း၊ ပိုစတာ၊ဓာတ်ပုံ၊ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ၂၅-၅-၂၀၀၄ နေ့အရောက်။

၁၆။ စာမူ၊တေးသီချင်း လက်ရာများကို ပထမ၊ဒုတိယ၊တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့်လက်ရာများကို ၂၀၀၄ခုနှစ် ဇွန်လ၁၈ရက်နေ့တွင် ကြေညာ၍ ဆုရသူများကို ၂၀၀၄ခုနှစ် ဇွန်လ ၂၄ရက်နေ့တွင် ရန်ကုန်မြို့သို့ ဖိတ်ခေါ်ပြီး ၂၀၀၄ခုနှစ် ဇွန်လ၂၆ရက်နေ့တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

၁၇။ ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည် မဟုတ်ပါဟူ၍ ပါရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆမှုများမှ အချို့သည် ခါးပတ်မပတ်ကြ၍ မလိုလား အပ်သော ထိခိုက် ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ကြရပါသည်။ သို့ပါ၍ ခါးပတ်ပါရှိသော ဆလွန်း၊ ဗင်နှင့် စတေရှင်ဝပ်ဂွန်အပါအဝင် ခါးပတ်ပါသော ယာဉ်များပေါ်တွင် မောင်းနှင် စီးနင်းကြသူများအနေဖြင့် ခါးပတ်,ပတ်၍ စီးနင်းကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

နိုင်ငံတော်၏ အမျိုးသားရည်မှန်းချက် အောင်မြင်ရေး ကျရာကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင် ဝန်ကြီးဌာန၏ ရည်မှန်းချက်များကို ဝန်ထမ်းများသိရှိပြီး အောင်မြင်အောင်ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (၂၀၀၃-၂၀၀၄) နှစ်ပတ်လည် ဂုဏ်ပြုဆုပေးပွဲနှင့် ကျောင်းနေဝန်ထမ်းသား၊သမီးများအား ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပုံနှိပ်စက်ရုံခန်းမဦကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ရုံးချုပ်)နှင့် ၎င်းအောက်ရှိ စာပေဗိမာန် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ အောင်ဆန်း ဂျီတီစီပုံနှိပ်စက်ရုံတို့မှ ဆုရဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ကျောင်းနေဝန်ထမ်းသားသမီးများအား ထောက်ပံ့ခြင်းဖြစ်၍ မင်္ဂလာရှိသောနေ့ ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်နှင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်တို့ကို သိရှိနားလည်သဘောပေါက်မှသာ တာဝန်များ ထမ်းဆောင်ရာတွင် အသိစိတ်ဓာတ်ရှိရှိဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရည်မှန်းချက်သည် တည်ငြိမ်အေးချမ်းပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် ၁၅နှစ်ကာလအတွင်း ပြည်သူများ၊ ဝန်ထမ်းများနှင့် လက်တွဲဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အခါတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များအားလုံးနီးပါးကို တည်ဆောက်ပြီးဖြစ်ကြောင်း၊ ရရှိလာသော အကျိုးကျေးဇူးများကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း၊ ယခုအခါ ယင်းရရှိပြီးသော အောင်မြင်မှုများကို အခြေခံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၀၄-၂၀၀၅ခုနှစ်တွင် စက်မှုကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးကဏ္ဍနှင့် နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အဓိကအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ယင်းလုပ်ငန်းများ အောင်မြင်ရေး မိမိတို့ ကျရာကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ၂၀၀၄-၂၀၀၅ခုနှစ် ဝန်ကြီးဌာနက ချမှတ်ထားသည့် ရည်မှန်းချက်ခုနစ်ချက်မှာ နိုင်ငံတော်မှ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် အမျိုးသားညီလာခံ အောင်မြင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ကျရာကဏ္ဍမှ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရန်၊ ဝန်ကြီးဌာနအတွက် သတ်မှတ်ပေးထားသည့် ဝင်ငွေလျာထားချက်ကျော်လွန်အောင် ရှာဖွေရေးဆောင်ရွက်ရန်၊ မြန်မာနိုင်ငံတစ်ဝန်း နယ်စပ်ဒေသမကျန် Media Cover ဖြစ်အောင် ဆောင်ရွက်သွားရန်၊ ပြည်ပနိုင်ငံများသို့ပါ Media ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်အောင် ဆောင်ရွက်ရန်၊ သွက်လက်ထက်မြက်ပြီး အရည်အသွေးပြည့်မီသည့် Media ဖြစ်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့် စက်မှုဆိုင်ရာ တိုးတက်အောင် မိမိတို့ တာဝန်ယူရသည့်ကဏ္ဍတွင် တီထွင်ဆောင်ရွက်ရန်နှင့် ခြိုးခြံချွေတာရန်တို့ ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်များကို ဝန်ထမ်းများ သိရှိပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ၂၀၀၄-၂၀၀၅တွင် ဆောင်ရွက်ရမည့် ရည်မှန်းချက်တာဝန် ၁၀ရပ်ကို ချမှတ်ပေးပြီး ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဆိုပါ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း။

နိဂုံးချုပ်အနေဖြင့် ဆုရရှိကြသည့် ဝန်ထမ်းများကလည်း နောင်နှစ်များတွင် ဆုများ ဆက်လက်ရရှိအောင် ထိန်းသိမ်းကြရန်၊ ဆုမရရှိသေးသော ဝန်ထမ်းများကလည်း ဆုရရှိအောင် ကြိုးစားကြရန်၊ မိမိတို့ ဝန်ထမ်းသားသမီးများကိုလည်း ထူးချွန်သည့် ဝန်ထမ်းသားသမီးများ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ထူးချွန်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုများချီးမြှင့်

ဆက်လက်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ဆုများ ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယအထွေထွေ မန်နေဂျာ(ပုံနှိပ်)ဦးကျော်သူက စက်ရုံအလိုက်ဆုရရှိကြသော ပထမဆုရ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ ဒုတိယဆုရ အောင်ဆန်းပုံနှိပ်စက်ရုံ၊ တတိယဆုရ စာပေဗိမာန်စက်ရုံတို့ကို ကြေညာသည်။

ထပ်ဆင့်ဂုဏ်ပြု

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်မှ ချီးမြှင့်ခဲ့သော ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ခြောက်ဦး၊ စက်မှုစီးပွားတံဆိပ်ရရှိသူ လေးဦး၊ လူမှုထူးချွန်တံဆိပ်ရရှိသူ နှစ်ဦးတို့အတွက် ထပ်ဆင့်ဂုဏ်ပြုငွေကို ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်သူက လက်ခံရယူပြီး အထူးဆုရရှိသူ အငြိမ်းစားလုပ်သက်ရှိ(?) ...

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဦးသိန်းစိန်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ထူးချွန်ဆုရရှိသော ဝန်ထမ်းများအတွက် ဝတ်စုံထောက်ပံ့ခြင်းနှင့် ကျောင်းနေ ဝန်ထမ်းသား၊ သမီးများအား ထောက်ပံ့ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကံစမ်းမဲအစီအစဉ်ဖြင့် မဲဖောက်၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ဖိတ်ကြားထားသော ဧည့်သည်များအား မေတ္တာလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယနေ့အခမ်းအနားတွင် ဝန်ထမ်းများ ဝတ်စုံအတွက် တစ်ဦးလျှင် ငွေကျပ် ၂၄၀၀ နှုန်းဖြင့်လည်းကောင်း၊ ကျောင်းနေ ဝန်ထမ်းသား၊ သမီးများ ထောက်ပံ့ရာတွင် အထက်တန်းအတွက် ငွေကျပ် ၅၀၀၀ နှုန်း၊ အလယ်တန်းအတွက် ငွေကျပ် ၄၀၀၀ နှုန်း၊ မူလတန်းအတွက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ခဲ့ပြီး စုစုပေါင်းထောက်ပံ့ငွေမှာ ငွေကျပ် ၁၄၅၁၈၀၀၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆု ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ်(ဘတ်စ်ကား)များအား ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားသည်ကိုတွေ့ရှိရပါသည်။ ယခုအခါတွင် ဌာနဆိုင်ရာယာဉ်နှင့် TAXI အငှားယာဉ်များမှာလည်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်ယာဉ်များမှာမူ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာမှု မရှိသေးကြောင်း တွေ့ရှိရပါသဖြင့် ယာဉ်တိုက်မှုမဖြစ်အောင် ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ယာဉ်တိုက်မှုဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များအား မည်သည့်နည်းနှင့်မျှ ကင်းလွတ်ခွင့်ပြုမည်မဟုတ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရှေ့နေချုပ်ရုံး ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်းအမှတ်စဉ် (၁/ ၂၀၀၃)ဆင်း

ရန်ကုန် ဧပြီ ၂၃

ရှေ့နေချုပ်ရုံး ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်း အမှတ်စဉ်(၁/၂၀၀၃) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသည့် ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သင်တန်းဆင်း အစီရင်ခံစာကို သင်တန်းမှူး ဦးမြင့်သိန်း (ဥပဒေအရာရှိအဆင့်-၁)က ဖတ်ကြားတင်ပြသည်။

ယင်းနောက် ရှေ့နေချုပ် ဦးအေးမောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသော ကသ(၁၈) ဦးမျိုးမင်းသိန်း (ဥ/၂၅၉၇)၊ ဒုတိယဆုရရှိသော ကသ(၆) ဒေါ်ဝင့်နန္ဒာ (ဥ/၂၆၀၅)နှင့် တတိယဆုရရှိသော ကသ(၁၆) ဒေါ်နန္ဒာနှင်း(ဥ/၂၆၁၇)တို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းက ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာများနှင့် ဥပဒေရင်ထိုးတံဆိပ်များကို သင်တန်းသား၊ သင်တန်းသူ တစ်ဦးချင်းစီ ပေးအပ်ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၄ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ် ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အင်းတိုင်တပ်နယ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားတွင် ကျွန်းပင်ပေါက်များကို ပျိုးအိတ်များအတွင်း ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (ထ-ပ-ဆ)

အင်းတိုင်တပ်နယ် သစ်ပင်ပျိုးပွဲတော်ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း စစ်ဌာနချုပ်၏စီစဉ်ဆောင်ရွက်မှုဖြင့် အင်းတိုင်တပ်နယ် သစ်ပင်ပျိုးပွဲတော်အခမ်းအနားကို မေ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် အင်းတိုင်တပ်နယ် နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေး ချီးမြှင့်သည်။

အခမ်းအနားသို့ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ အင်းတိုင်တပ်နယ်မှူး ဗိုလ်မှူးကြီး ထိန်လင်းနှင့် တပ်နယ်မှူးများ၊ အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်းတိုင်တပ်နယ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း ကွပ်ကဲမှုအောက်ရှိ တပ်နယ်များ၌ သစ်ပင်ပျိုးပွဲတော်များ ကျင်းပလျက်ရှိရာ အင်းတိုင်တပ်နယ် သည် စတုတ္ထမြောက်ကျင်းပသည့် တပ်နယ်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်အနေဖြင့် နှစ်စဉ် သစ်ပင်ပျိုးပွဲတော်များ ကျင်းပခဲ့ရာ ယခုနှစ်သည် စတုတ္ထမြောက်နှစ်ဖြစ်ကြောင်း၊ ယခင်နှစ်အထိ တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်း ပျိုးပင် သိန်း ၄၀ ကျော် ပျိုးထောင်စိုက်ပျိုးခဲ့ပြီး ဖြစ်ကြောင်း၊ ယခုနှစ်တွင် ပျိုးပင်ပေါင်း ခုနစ်သိန်းကျော် လျာထားစိုက်ပျိုးသွားမှာဖြစ်ပြီး ယခုနှစ်တွင် ထူးခြားစွာဆောင်ရွက်မှာက သစ်ပင်ထိန်းသိမ်းသည့် ပွဲတော်ပါ ကျင်းပသွားမှာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောသယံဇာတကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ပြီး သစ်တောစိုက်ခင်းများကို ထပ်မံစိုက်ပျိုးကြရမှာဖြစ်ကြောင်း၊ သို့မှသာ "စိမ်းလန်းသာယာ၊ ပြည်မြန်မာ၊ သယံဇာတ၊ တောမှရ၏" ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကြီး စိမ်းလန်းသာယာပြီး သယံဇာတ ပေါကြွယ်ဝလာမှာဖြစ်ကြောင်း၊ ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင်မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်း စိုပြည်ရေးစီမံကိန်းတွင် အင်းတိုင်တပ်နယ်လည်း ပါဝင်သဖြင့် အင်းတိုင်တပ်နယ်တစ်ခုလုံး နေရာလပ်မကျန် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်အောင် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ် သီးနှံများကို နေရာလပ်မကျန် စိုက်ပျိုးသွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပျိုးခင်းပွဲတော်မှ ပျိုးပင်များသည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးတွင် များစွာ အထောက်အကူ ဖြစ်စေမှာဖြစ်ကြောင်း၊ သို့ဖြစ်၍ တပ်ရင်း၊ တပ်ဖွဲ့များက စံနမူနာပြ ပျိုးထောင်၊ စိုက်ပျိုး၊ ထိန်းသိမ်းကြရေး ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အင်းတိုင်တပ်နယ်မှူး ဗိုလ်မှူးကြီးထိန်လင်းက အင်းတိုင်တပ်နယ်အတွင်း သစ်ပင်ပျိုးပွဲတော် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့မှုနှင့် လာမည့်မိုးရာသီ သစ်ပင်စိုက်ပျိုးရာသီတွင် သစ်ပင်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်က သစ်ပင်များ ရှင်သန်ကြီးထွားစေရန် ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စပါးလင်ဆီမွှေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသည့် စပါးလင်ဆီမွှေး စက်ရုံပုံစံငယ်၊ စပါးလင်ဆီမွှေး စိုက်ပျိုးနည်းနှင့် ငရုတ်ကောင်း စိုက်ပျိုးနည်း ပြသထားမှု အခြေအနေများကိုလည်းကောင်း၊ သစ်တောဦးစီးဌာနမှ ပြသထားသည့် ကျွန်းငုတ်တက်မှ ပျိုးပင်ထုတ်လုပ်ပုံနှင့် ကျွန်းစေ့မှ ပျိုးပင်ထုတ်လုပ်ပုံ အဆင့်ဆင့်ဆောင်ရွက်မှု ပြသထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျွန်းပင်ပေါက်များကို ပျိုးပင်များအတွင်း စနစ်တကျ ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အင်းတိုင်တပ်နယ် သစ်ပင်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် ကျွန်း၊ သစ်ဆိမ့်၊ ပိတောက်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အင်းတိုင်တပ်နယ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ပျိုးပင်များ ပျိုးထောင်ပြုစုထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

၅၁၇၀၀ ပင်

အင်းတိုင်တပ်နယ်အနေဖြင့် ယခုနှစ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားတွင် တမာ၊ မန်ကျည်း၊ ထန်း၊ သစ်ဆိမ့်၊ ကျွန်း၊ ပျဉ်းကတိုး၊ မအူ၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကုက္ကို အစရှိသည့် အပင်များ စုစုပေါင်းအပင် ၅၁၇၀၀ ပျိုးထောင်ထားရှိကြောင်းနှင့် သစ်စေ့ပေါင်း တစ်သိန်းခန့် ဆက်လက် ပျိုးထောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်-ပဲခူး ခြောက်လမ်းသွားလမ်းမကြီးနှင့် အမှတ်(၃)လမ်းဆုံအနီး မှော်ဘီမြို့နယ် ရေကြီးကွင်းဒေသ၌ စပါးစိုက်ပျိုးမရသည့် နေရာ၌ စက်ယန္တရားများဖြင့် ငါးကန်များ တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ငါးကန်ဧက ၂၀တူးဖော်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပဲခူး ခြောက်လမ်းသွားလမ်းမကြီးနှင့် အမှတ်(၃) လမ်းမကြီး လမ်းဆုံအနီး၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေ ၈၃ ဧက၌ နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများနှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါ လယ်မြေများကို လာမည့်မိုးရာသီမှ စတင်၍ ခေတ်မီလယ်ယာစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ခေတ်မီလယ်ယာမြေ ဖော်ထုတ်ရာတွင် ဆောင်ရွက်ရမည့် ကုန်ထုတ်လမ်းများ၊ မြေပေါ်မြောင်းများ၊ စိုက်ပျိုးရေစနစ်တကျ ပေးဝေနိုင်ရေးလုပ်ငန်းများကို ခေတ်မီနည်းပညာများဖြင့် စနစ်တကျ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရေး မှာကြားသည်။

ရန်ကုန်တိုင်းအတွင်း လာမည့်မိုးရာသီမှစ၍ သီးထပ်စွမ်းအား တိုးမြှင့်ဆောင်ရွက်နိုင်ရန် ခေတ်မီလယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရဟန်းခံ၊ ရှင်ပြု အလှူမင်္ဂလာအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၂၃

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးမိသားစုက ကြီးမှူးကျင်းပသော ရဟန်းခံ၊ ရှင်ပြု အလှူမင်္ဂလာ အခမ်းအနားကို မေ ၁၉ ရက် နံနက်ပိုင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဓမ္မာရုံ၌ကျင်းပပြီး မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဓမ္မာရုံမှစတင်၍ ရှင်လောင်းအပါး ၃၈ ပါးတို့အား မြို့တွင်းသို့ လှည့်လည်ပြီးနောက် ပမ္မတီးကျောင်းတိုက်တွင် ရှင်လောင်းများအား ဆံချခြင်းမင်္ဂလာပြုလုပ်ကြသည်။

လောင်းလှူ

မေ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် ပမ္မတီးကျောင်းတိုက်၌ ဆရာတော် သံဃာတော်များနှင့် ရဟန်းလောင်း ၂၁ ပါးတို့အား တိုင်းမှူးနှင့်ဇနီးတို့က သိမ်ထွက်လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး နံနက် ၉ နာရီတွင် တိုင်းစစ်ဌာနချုပ် ဓမ္မာရုံတွင် ရေစက်ချ အလှူမင်္ဂလာအခမ်းအနားကိုဆက်လက်ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာ နာယက ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသ အမှူးပြုသော ပင့်သံဃာဆရာတော်များ၊ ရဟန်း ၂၁ ပါးနှင့် ရှင်သာမဏေအပါး ၃၀ တို့ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် စံထွန်း၊ မြစ်ကြီးနား လေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်မြို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်နယ် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ရေစက်ချတရားနာ

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများအားလှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ ရေစက်ချ တရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေကြပြီး နောက် အခမ်းအနားသို့ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းရပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သကြၤန်ပွဲတော်ပိတ်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ယိမ်းအဖွဲ့များအား ဆုချီးမြှင့်

ရန်ကုန် မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့ရိုးရာ မဟာသကြၤန်ပွဲတော်ယိမ်းအက ပြိုင်ပွဲဆုပေးပွဲနှင့် ပိတ်ပွဲကို မေ ၁၆ ရက် ည ၇ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းမှူးက ယိမ်းအဖွဲ့များအား ဆုများချီးမြှင့်ပေးအပ်သည်။

မေ ၁၇ ရက်မြန်မာနှစ်ဆန်းတစ်ရက်နေ့နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် လားရှိုးမြို့ ဘိုးဘွားရိပ်သာ၌ ကျင်းပသော သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အဘိုးအဘွား ၄၂ဦးတို့အား အမွေးနံ့သာများဖြင့်ပူဇော်သည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက အဘိုးအဘွား ၄၂ဦးတို့အတွက်လှူဖွယ်ပစ္စည်းများ၊ ဆေးဝါးများ၊ အဝတ်အထည်များနှင့် စားသောက် ဖွယ်ရာများကို တစ်ဦးချင်းသို့ ပေးအပ်လှူဒါန်းရာ အဘိုးတစ်ဦးက ဆုတောင်းမေတ္တာ ပို့သပေးပြီးနောက် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက အဘိုးအဘွားများအား နေ့လယ်စာဖြင့်ကျွေးမွေးလှူဒါန်း ကြသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည် လားရှိုးမြို့အဝင်၌ ဉာဏ်တော် ၁၃၅ပေရှိပြီး လိုဏ်စနစ် တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ချဉ်းကပ်ကားလမ်း အသစ်တိုးချဲ့ဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့သွားရောက် ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ သာသနာ့ဗိမာန်အတွင်း ယာယီကိန်းဝပ် စံပယ်တော်မူသော ဉာဏ်တော် ၆၃ လက်မရှိ ဗုဒ္ဓရုပ်ပွား ကြေးဆင်းတုတော်ရှစ်ဆူအား ဖူးမြော်ကြည်ညိုပြီးနောက် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တိုင်းမှူးသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ထားကိုးကွယ်မည့် ဝိဇယ မဟာအောင်မြေကုန်းတော်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

မကွေးတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော် ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၂၃

မကွေးတိုင်း မြန်မာရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော်ဆုပေးပွဲ အခမ်းအနားကို မေ ၁၆ ရက် (သကြၤန်အတတ်နေ့) ည ၇ နာရီခွဲက မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင် ယိမ်းအက၊ အလှအဖွဲ့ဝင်များနှင့် အကဲဖြတ်ဒိုင် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တတ်ရောက်ကြသည်။

အခမ်းအနားတွင် ယိမ်းအဖွဲ့လိုက်၊ တစ်ပင်တိုင် သံချပ်နှင့် ယာဉ်အလှပြိုင်ပွဲများတွင် ဆုရရှိကြသည့်အဖွဲ့ များအား တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး နောက်ပြိုင်ပွဲတွင် ဆုရရှိကြသည့်အဖွဲ့များက ပြန်လည် ဖျော်ဖြေတင်ဆက်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော်ရက်များအတွင်း မကွေးတိုင်းအတွင်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ရေကစားမဏ္ဍပ်အသီးသီးတွင် ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် မဟာသကြၤန်ပွဲတော်ကို စည်ကား သိုက်မြိုက်စွာကျင်းပခဲ့သည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး ယမားချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်စစ်ဆေး

ရန်ကုန် မေ ၂၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၀ ရက် နံနက်ပိုင်းက မုံရွာ-ယာကြီး-ကလေးဝ လမ်းပေါ်ရှိ ယမားချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးခင်မောင်တင်က လမ်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လမ်းနှင့်တံတားလုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၈၄၇ ပေရှည်

အဆိုပါ တံတားသည် အကျယ် ၁၂ပေခွဲရှိ သစ်သားတံတား ၆၇၇ ပေနှင့် တစ်လွှာတစ်ထပ် ဘေလီကြိုးတံတား ပေ ၁၇၀ ပါရှိသည့် တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်း အရှည် ၈၄၇ ပေ ရှိကြောင်း သိရှိရသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့မှတစ်ဆင့်တိုင်းမှူးသည်ဆားလင်းကြီးမြို့နယ် ငွေသာ ရေလှောင်တမံ စီမံကိန်းသို့လည်းကောင်း၊ ဆားလင်းကြီး ရေလှောင်တမံ စီမံကိန်းသို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ညောင်ပင်အိုင်တောရကျောင်းသို့ ရောက်ရှိပြီး ညောင်ပင်အိုင် တောရကျောင်းဝင်းအတွင်း စေတီပုထိုးများ ပြုပြင်မွမ်းမံထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူအား Japan နိုင်ငံ တိုကျိုမြို့ရှိ Moon Light Tours Company၏ Director, Mr. Kunio Satoနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (ဟိုတယ်/ခရီး)

ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး ဖော်ထုတ်ပြီး လယ်ယာမြေများအတွက် ပံ့ပိုးမည့်အစီအစဉ်ရှင်းလင်း

ရန်ကုန် မေ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃) ကုန်းမြင့်ဒေသ လယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်း လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၂၂ရက် နံနက် ၈ နာရီက ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမှတ်(၃) ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တီးတိန်၊ တွန်းဇန်၊ ဖလမ်း၊ ထန်တလန်၊ ဟားခါးမြို့နယ်များမှ မြို့နယ်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှက အမှာစကားပြောကြားပြီး အမှတ်(၃) ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်း ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး အေးမင်းက ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း ဒေသခံတောင်သူများ အစီအစဉ်ဖြင့် ဖော်ထုတ်ခဲ့သည့် လေကားထစ် လယ်ယာမြေများအတွက် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှက ချင်းပြည်နယ် မြောက်ပိုင်းမြို့နယ် ငါးမြို့နယ်မှ ဒေသခံတောင်သူများ၏ အစီအစဉ်ဖြင့် ဖော်ထုတ်ပြီးစီးခဲ့သည့် လေကားထစ် လယ်မြေ ၄၄၂ ဒသမ ၂၃ ဧကအတွက် နိုင်ငံတော်မှ ပံ့ပိုးငွေ စုစုပေါင်း ငွေကျပ် ၅၃၀၆၇၆၀ ကို ဒေသခံတောင်သူများ ကိုယ်စား ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ တီးတိန်၊ တွန်းဇန်မြို့နယ် ဥက္ကဋ္ဌများထံသို့ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌသည် အဆိုပါ အစည်းအဝေးခန်းမ၌ ပင် ကျင်းပသည့် ချင်းပြည်နယ် အတွင်းရှိ လမ်းများ အဆင့်မြှင့်တင် ဖောက်လုပ်ရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဆောင်ရွက်ပြီး

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လှက ပြည်နယ်အတွင်း ဆောင်ရွက်ပြီး လမ်းများနှင့် ဆက်လက်ဆောင်ရွက်ဆဲ လမ်းအခြေအနေများကိုလည်းကောင်း၊ လမ်းအထူးအဖွဲ့(၁၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းထွန်းက လမ်းအထူးအဖွဲ့(၁၁) မှ တာဝန်ယူ ဆောင်ရွက်နေသော လမ်းလုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ ဖလမ်းခရိုင်အင်ဂျင် နီယာမှူး ဦးသိန်းဦးက ခရိုင်အတွင်း လမ်းများ အခြေအနေတို့ကို လည်းကောင်း၊ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် လုပ်ငန်း လိုအပ်ချက်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဖြည့်ဆည်း

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှသည် ဟားခါး-ဂန့်ဂေါ လမ်းအပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီး ဒုတိယဝန်ကြီးအား ဂျပန်အဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၂၃

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူအား ဂျပန်နိုင်ငံ ကျိုတိုမြို့ရှိ Moonlight Tours Company ၏ Director, Mr. Kunio Sato နှင့် အဖွဲ့သည် မေ ၂၂ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဌေးအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းကုမ္ပဏီခြောက်ခုမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ အစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ-တရုတ် နှစ်နိုင်ငံ လုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းဝေး

ရန်ကုန် မေ ၂၃

မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မေ ၂၂ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာလီဂိုပိုင်နှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ လီဂိုပိုင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာမောင်မောင်လေးက မြန်မာ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒနှင့် အခွင့်အလမ်းများကို ရှင်းလင်းတင်ပြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၈ရက် နံနက် ၈နာရီက ဘုရားသုံးဆူမြို့သို့ ရောက်ရှိပြီး ဘုရားသုံးဆူမြို့ အစည်းအဝေးခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌသည် ဘုရားသုံးဆူမြို့ အခြေခံပညာ အထက်တန်းကျောင်း ကွန်ပျူတာခန်းနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ ဘုရားသုံးဆူမြို့ ပြည်သူ့ဆေးရုံ၌ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းနှင့်လူနာဆောင်များ အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ မွန်းလွဲ ၁ နာရီတွင် ပြည်နယ်ဥက္ကဋ္ဌသည် ဘုရားသုံးဆူမြို့ အစည်းအဝေးခန်းမ၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး မြို့ပေါ်ရပ်ကွက်များ ရေ ၂၄ နာရီ ဖြန့်ဝေပေးနိုင်အောင် ဆောင်ရွက်မှုနှင့် တည်ဆောက်ဆဲ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို စာသင်နှစ်မစမီ ပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး အခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေး မှာကြားသည်။ ညနေ ၃နာရီတွင် ပြည်နယ်ဥက္ကဋ္ဌသည် ဘုရားသုံးဆူ မြို့မဈေးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌသည် ဘုရားသုံးဆူမြို့ တိုင်တစ်ရာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဓမ္မဓဇအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါ ကျောင်းတိုက်ရှေ့ရှိ ဓမ္မဂီရိမဟာစေတီကို ဖူးမြော်ကြည်ညိုခဲ့သည်။

ဖဲကြိုးဖြတ်

မေ ၁၂ ရက် ညနေ ၅ နာရီတွင် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့ နာရီစင်အနီး ဗဟိုမဏ္ဍပ်၌ ကျင်းပသည့် ၁၃၆၅ ခုနှစ် ဘားအံမြို့ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် သင်္ကြန်ယိမ်းအက အဖွဲ့များ၏ မန်းတောင်ရိပ်ခိုသီချင်းဖြင့် ကပြဖြေဖျော်မှု အစီအစဉ်များကို ကြည့်ရှုအားပေးကြပြီး အတာရေပက်ဖျန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မေ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် ပြည်နယ်ဥက္ကဋ္ဌသည် အဆိုပါ ဗဟိုမဏ္ဍပ်၌ ကျင်းပသည့် ၁၃၆၅ ခုနှစ် ဘားအံမြို့တော် မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ သင်္ကြန်ယိမ်းအက အဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် စုပေါင်းကပြ ဖြေဖျော်ကြပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက အတာရေများဖြင့် ပက်ဖျန်းကြသည်။

ရုပ်သိမ်း

ထို့နောက် ဘားအံမြို့ပေါ်ရပ်ကွက်များမှ သင်္ကြန်ယိမ်းအကအဖွဲ့များက အလှည့်ကျ ယိမ်းအက၊ တပင်တိုင်အကများဖြင့် အသီးသီး ဖျော်ဖြေတင်ဆက်ကြပြီးနောက် ယိမ်းအကပြိုင်ပွဲများတွင် ဆုရရှိကြသည့် ယိမ်းအဖွဲ့များကို ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MYANMAR KOREA
မြန်မာ - ကိုရီးယားချစ်ကြည်ရေးအသင်း
မြန်မာအနုပညာရှင်များနှင့် ကိုရီးယားတေးသံရှင်များ ပူးပေါင်းတင်ဆက်သည့်
ရန်ပုံငွေပဒေသာကပွဲ
အမျိုးသားတော်ရုံ
၁-၅-၂၀၀၄ နှင့် ၂-၅-၂၀၀၄ ည (၇း၀၀)
Korea နိုင်ငံမှ ကျော်ကြားသည့် တေးသံရှင်များဖြစ်ကြသော
Mr. Choi, Soung Kim
Miss. Jeon, Yu-Na
Miss. Park, Young Mi
တို့နှင့် Korea တေးသံရှင်များ
UP TO DATE FASHION
Tel : 200747 (Ext : 7051), H.P : 09-500-5377
5000/- 3000/- 2000/-

INFORMATICS
THE LEADER IN IT EDUCATION & TRAINING
Enrolling for May Now!
<<< Only Industrial Based Course That Gives You The Path to Your Academic Advancement! >>>
Yangon: 525971, 296829, 558360, 501450, 200345, 706740, 703188
Mandalay: 02 - 39402, 39403
Variety of Advancement Paths
Advanced Diploma Information Technology
Diploma Information Technology
NEW!
TRADITION OF EXCELLENCE
Information Technology Pathway
DIT include such subjects as:
-> Operation System (Win 2003)
-> Visual C++.Net
-> Visual Basic.Net
-> Multimedia (Macromedia Authorware 7.0)
-> More ...
ADIT include such subjects as:
-> Advanced Operation Systems (Win 2003)
-> C.Net
-> C++.Net
-> Interactive Multimedia (MMX Director)
-> Advanced Java Programming
-> Introduction to Oracle (9i)
-> Advanced Networking
-> More ...
+ Internet Access & E-Mail
+ E-Learning Support
+ Further Studies Counselling
+ FT or PT - flexible pace of studies
+ Internationally Recognized Qualification
+ For Anybody with High School Education
+ Intakes in May, September & January Every Year
Why Information Technology Pathway
• Learn Current Topics: Includes popular modules endorsed by Oracle and Sun Microsystems
• Industrial Practicality: Gain skills and knowledge that are in high demand
• Employment Advantage: Abundant career opportunities in infocomm industry
• Boost Your Career: Ideal for professionals who wish to upgrade their qualifications
• Project Based: provides the hands-on experience so that you can apply the skills learnt immediately after graduation

PACIFIC DIGITAL PHOTO SERVICE
၇
ဖလင်(၃)လိပ်ကူးလျှင် ဖလင်အသစ်(၁)လိပ် လက်ဆောင်ပေးမည်။
ရိုးရိုး PC 50/- ကျပ် (4" x 6")70/- ကျပ်
Digital PC 65/- ကျပ် (4" x 6") 85/- ကျပ်
အထူးအစီအစဉ်ဖြင့် Digital Cameraမှ (4" x 6")တစ်ပုံလျှင် (100/-)ကျပ်
3rd April 2004 မှ 30th April 2004
(၁)အမှတ်-၁၈၅ /၁၈၇၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။
☎ ၂၈၅၄၁၅၊ ၂၄၁၀၃၃၊ ၃၈၃၃၄၀
(၂)အမှတ်-၁၇၉၊ အနော်ရထာလမ်း (၃၃ လမ်းထောင့်)၊ ရန်ကုန်မြို့။
(၃)အမှတ်-၄၅၃၊မဟာဗန္ဓုလလမ်း(၃၂လမ်းထောင့်)၊ပန်းဘဲတန်း၊ရန်ကုန်မြို့။

VCT Group
USED LAPTOP
(Pentium II, III, Celeron)
e-mail : vct@myanmar.com.mm

ကုန်စည်ပြပွဲများ စည်ကားစွာကျင်းပမည်
Main Sponsor
ဧည့်ခံသုံ့သမဝါယမအသင်းလီမိတက်

ဆေးဝါးစက်ရုံသစ်စီမံကိန်း(ပြင်ဦးလွင်)အတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးစက်ရုံသစ်စီမံကိန်း(ပြင်ဦးလွင်)တွင် အသုံးပြုရန်အတွက် လိုအပ်သော ဒုတိယအဆင့် စက်နှင့် စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

၂။ တင်ဒါအသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း
အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၉၂၊ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၅၆၆၇၂၀၊ ၅၆၆၇၅၀။

အောင်သိဒ္ဓိ ခုနစ်ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်(၁၂)ရပ်ကွက်၊ မရမ်းခြံ မာလာရုံလမ်း၊ အောင်သိဒ္ဓိ မဟာမြိုင်ကျောင်းတိုက်တွင် မိုးကုတ်ဆရာတော် ကြီး၏ ဥပနိဿယအတိုင်း မင်းဘူးမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၉၇) အရှင်ပဏ္ဍိတ (ဓမ္မာစရိယ)က နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဧပြီ ၂၇ရက် (အင်္ဂါနေ့)မှ မေ ၃ရက် (တနင်္လာနေ့)အထိ ခုနစ်ရက်တိုင် ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ (က-ပ)

အိုင်ဒီယာ မဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဧပြီ ၂၃

ဖေမြင့်၏စုံထောက်ကျော်လယ်ဒရူး၊ နေဝင်းမြင့်၏ သင်တိုင်းဝတ်ချည်ခင်စွပ်များ၊ တာရာမင်းဝေ၏ စပယ်အတွေး၊ ဒေါက်တာကျော်စိန်၏ စိတ်ဖိစီးမှုကို လက်တွေ့ဖြေရှင်းနည်းများ၊ ယူကီကိုကြည်၏ မိတ်ကပ် ကောင်းစွာလိမ်းခြယ်တတ်ဖို့စသော ရသ သုတ အလှဖန်တီးမှုများကို ထင်ဟပ်ထားသည့် ကဗျာ၊ ကာတွန်း၊ ဝတ္ထု၊ဆောင်းပါးများ အပါအဝင် နှစ်ဆယ့်တစ်ရာစုခေတ် လူငယ်တို့၏ ဘဝ၊ အလှဒဿနများဖြင့်၂၀၀၄ခုနှစ် မေလထုတ် အိုင်ဒီယာမဂ္ဂဇင်းကို အမှတ်(၁၂၇)၊ မြေညီထပ်၊ ၄၃လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ (က-ပ)

ကနောင်ဂျာနယ် အသွင်သစ်ဖြင့် ထုတ်ဝေ

ရန်ကုန် ဧပြီ ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ၁၅ရက်တစ်ကြိမ် ထုတ်ဝေလျက်ရှိသော ကနောင်ဂျာနယ်ကို မြန်မာသက္ကရာဇ်၁၃၆၆ခု၊ နှစ်သစ်နှစ်ဦး အတွဲ(၆)၊ အမှတ်(၈)မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အသွေးအရောင်စုံ၊ သုတ၊ ရသ ကဏ္ဍစုံဖြင့် စတင်ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်။

ကနောင်ဂျာနယ်ကို ၁၉၉၄ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး ယခုအသွင်သစ်ဖြင့် ထုတ်ဝေရာတွင် စက်မှုစီးပွားအခြေခံ၍ စာဖတ်သူများ ဗဟုသုတဖြစ်ဖွယ်ရာ သတင်းဆောင်းပါး၊ အများပြည်သူ စိတ်ဝင်စားသည့် ရသစုံ၊ ကဏ္ဍစုံများ ဖော်ပြထားသည်။

ကနောင်ဂျာနယ်အသွင်သစ်ကို အရောင်းသွက်သော ဂျာနယ်များနည်းတူ စက္ကူကောင်းကောင်း၊ အရောင်အသွေးစုံစုံ၊ အဆင်အပြင်လှလှပပစိတ်ဝင်စားဖွယ်ထုတ်ဝေပြီးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချဖြန့်ဖြူးပေးလျက်ရှိသည်။

ကနောင်ဂျာနယ်တွင် သတင်းစုံများ၊ ဆောင်းပါးတိုများ ပေးပို့လိုပါက အမှတ် ၂၂၅/၂၂၇ (၃၆)လမ်း(အထက်) ကျောက်တံတားမြို့နယ်၊ စာတည်းအဖွဲ့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

KHIND ခင်ကမ္ဘာ
Electrical Home Appliances
အရည်အသွေးလဲယုံကြည်စိတ်ချပြီးသားဖြစ်၊ မယုံကြည်နိုင်သောဈေးနှုန်းလည်းဖြစ်
❖ SMART COOLING SENSOR နှင့် HIGH ENERGY SAVING ပါရှိပြီး COMPRESSOR (၂) နှစ်အာမခံဖြင့် အကောင်းဆုံး SPLIT TYPE AIRCON များကို အောက်ပါနေ့ရာသီဈေးရောင်းပွဲတော်တွင် အထူးဈေးနှုန်းဖြင့် လက်လွတ်မခံ ဝယ်ယူနိုင်ပါသည်။
KACS-09 CR4 (1.0 HP) ၁ကောင် (ပုံမှန်ဈေး 200000)(ပွဲတော်ဈေး 175000)
KACS-12CR4 (1.5 HP) ၁ကောင်ခွဲ (ပုံမှန်ဈေး 235000)(ပွဲတော်ဈေး 210000)
❖ PROJECT နှင့် လက်ကားဝယ်လိုသူများအတွက် အထူးနှုန်းများရှိပါသည်။
ShowRoom & Service Centre ✐ အမှတ်(၁၅၁)မြေညီ၊ ဆူးလေဘုရားလမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎: (01) 380475, (01) 240935, (01) 700904

ဧရာဝတီတိုင်း ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ချီးမြှင့်

ပုသိမ် ဧပြီ ၁၅

ဧရာဝတီတိုင်း ရဲတပ်ဖွဲ့၏ ၂၀၀၃ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူးနှင့် အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန်းထွန်းက အမှာစကားပြောကြားပြီး တိုင်းရုံးမှ ဦးစီးအရာရှိများ၊ ငါးခရိုင် ရဲတပ်ဖွဲ့မှူးများ၊ ၂၆ မြို့နယ် ရဲတပ်ဖွဲ့မှူးများက လုပ်ငန်းဆိုင်ရာများအား ဆွေးနွေးတင်ပြကြသည်။

ဧရာဝတီတိုင်း ရဲတပ်ဖွဲ့၏ ၂၀၀၃ ခုနှစ် စွမ်းရည်လေးရပ်ဆုကို တိုင်းရဲတပ်ဖွဲ့မှူးက ချီးမြှင့်ရာ ပထမ မော်လမြိုင်ကျွန်းမြို့နယ်၊ ဒုတိယမြောင်းမြမြို့နယ်၊ တတိယ ကျုံပျော်မြို့နယ်များက ရရှိကြောင်း သိရသည်။ (၁၆၅)

တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ခဲ့သော ရန်ကုန်-မန္တလေး ကားလမ်းနှင့် မိုးနံကုန်းကျေးရွာသို့ ဆက်သွယ်သည့် အရှည်ပေ ၄၅၂၀ ရှိသည့် မြေသားလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက်က အဆိုပါ မုခ်ဦးရှေ့တွင် ကျင်းပရာ ရမည်းသင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၉၂)

မြို့နယ်သတင်းများ

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း တောင်သူကြီးများအား ဆေးဝါးကုသ

ကော့ကရိတ် ဧပြီ ၁၀

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဆရာဝန်ကြီး ဦးမြင့်စိုး ခေါင်းဆောင်ပြီး အထူးကုသမားတော်ကြီးများ ပါဝင်သော အဖွဲ့သည် ဧပြီ ၅ ရက်တွင် ကော့ကရိတ်မြို့နယ် ကျုံဒိုးတိုက်နယ် ကော့ဝါလဲ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ရှစ်ရွာရှိ ကျေးလက် တောင်သူကြီးများအား ဆေးဝါးကုသ ဆောင်ရွက်ပေးသည်။

အဆိုပါ အထူးကုအဖွဲ့သည် ဧပြီ ၅ ရက် နံနက် ၉ နာရီတွင် ကော့ဝါလဲ ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် အေးချမ်းသာယာကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း ကျေးလက် တောင်သူကြီးများအား ဆေးဝါးကုသပေးခဲ့ကြသည်။

ကုသပေး

ထိုသို့ ဆေးဝါးကုသပေးရာတွင် စုစုပေါင်း လူနာ ၂၅၀ ဦးအား ဆေးဝါးကုသပေးသည်။

ထို့ပြင် ကျန်းမာရေး ဌာနမှ တာဝန်ရှိသူများက တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့်ပတ်သက်ပြီး သိမှတ်ဖွယ်ရာများကို ပညာပေးဟောပြောကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ရေစကြိုမြို့နယ် လမ်းများပြုပြင်

ရေစကြို ဧပြီ ၁၅

ရေစကြိုမြို့ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးရဲမင်းအောင်၊ ဈေးတာဝန်ခံ ဦးအောင်ဇော်စိုးတို့ ဦးဆောင်မှုဖြင့် ရေစကြိုမြို့ မြို့မဈေးကြီး အတွင်းရှိ အုတ်ခုံများပြုပြင်ခြင်း၊ ပင်လုံလမ်းမကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတို့အား ကတ္တရာများဖြည့်စွက်ပြုပြင်ပေးခြင်း၊ လမ်းသွယ်များကို ကတ္တရာခင်းကျင်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၇)

အလံပေးအပ်

ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဟူးကွက်ကျေးရွာတို့ ပူးပေါင်း ဆောင်ရွက်ခဲ့သည့် ကျေးရွာစိမ့်စမ်းရေသွယ်ယူခြင်း အရှည်ပေ ၁၁၂၀၀ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က ကျင်းပရာ အထိမ်းအမှတ်အလံကို ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်စဉ်။ (က-ပ)

ညောင်ရွှေမြို့နယ်တွင် ကျောက်ချောလမ်းမွင့်

ညောင်ရွှေ ဧပြီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မတ် ၂၂ ရက် နံနက် ၈ နာရီက မိုင်းသောက်လမ်းနှင့် လွယ်ခေါလမ်းဆုံ ကျေးလက်ကျောက်ချောလမ်း(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ၂၀၀၃-၂၀၀၄ ခုနှစ်၌ ဖွင့်လှစ်သော ကျေးလက်လမ်းမှာ အရှည် ၁၆၈၅ ပေ၊ အကျယ် ၁၀ ပေဖြစ်ပြီး ကာလတန်ဖိုးကျပ် ၁၇၄၈၀၀၀ ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြ

ရမည်းသင်း ဧပြီ ၁၀

ရမည်းသင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုအရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးလေ့ကျင့်မှု လက်တွေ့သရုပ်ပြမှုကို ဧပြီ ၈ ရက်က မြို့မဈေးကြီးအတွင်း ပြုလုပ်သည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်တင့်၊ ဒုဦးစီးမှူး(ဈေး) ဦးမျိုးထွန်းနှင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ကြသည်။

ဇာတ်တိုက်လေ့ကျင့်

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီး မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းအား ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသည်။ **(၁၁၅)**

ကောလင်းမြို့နယ်တွင် လမ်းမကြီးများတိုးချဲ့ မြေဖို့ခြင်း၊ လမ်းနယ်နိမိတ်သတ်မှတ်ခြင်းများ ဆောင်ရွက်

ကောလင်း ဧပြီ ၁၀

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရွှေမင်းဝံလမ်းမကြီးကိုယာဉ်နှစ်လမ်းသွားအဖြစ် တိုးချဲ့ဖောက်လုပ်ကြသည်။

အဆိုပါလမ်း ဖောက်လုပ်ရာတွင် စက်ယန္တရားကိုအသုံးပြုပြီး မြေဖို့ခြင်း၊ လမ်းဧရိယာတိုးချဲ့ခြင်း၊ လမ်းနယ်နိမိတ်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများက ဧပြီ ၃ ရက်က ကြပ်မတ်ဆောင်ရွက်ကြသည်။

အလားတူ မြို့တွင်းလမ်းမကြီးများကို လမ်းပေါက်များ ဖာထေးခြင်း၊ မြေသားပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၂၁၄)**

ပျော်ဘွယ်မြို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကျော်နိုင်မိုးနှင့် တပ်ဖွဲ့ဝင်များသည် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက်က စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း အထူးစက်သုံးဆီအရောင်းဆိုင် အမှတ် ဝ၆၃၄ တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု၊ မီးသတ်ဘူးများဖြင့် သရုပ်ပြလေ့ကျင့်မှုများ လက်တွေ့ပြသစဉ်။ (၉၈)

ကချင်ပြည်နယ် ဗန်းမော်မြို့ ပညာ့ရိပ်သာလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးတို့ မတ် ၂၉ ရက်က အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

တီဘီရောဂါ တိုက်ဖျက်ရေး ရက်သတ္တပတ်လှုပ်ရှား — ရောဂါရှာဖွေရေး ညှိနှိုင်းစည်းဝေး

ချောင်းဆုံ ဧပြီ ၁၃

ချောင်းဆုံမြို့နယ် ၂၀၀၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ဆိုင်းဘုတ်တင်ခြင်းအခမ်းအနားကို မတ် ၂၄ ရက်က ချောင်းဆုံဆေးရုံ သင်တန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ဌာနဆိုင်ရာများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိမ်းဆွေက တီဘီရောဂါ တိုက်ဖျက်ရေးအစီအစဉ်များ ညှိနှိုင်းဆွေးနွေးပြီး တက်ရောက်လာကြသော မြို့နယ်အတွင်းမှ ကျန်းမာရေးဝန်ထမ်းများအား တီဘီဆေးတိုက်ကျွေးရေးသင်တန်း ပို့ချကာ တီဘီရောဂါရှာဖွေရေးလုပ်ငန်းများကိုညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (က-ပ)

တိုင်းရင်းမြန်မာသမားတော်များ ကျန်းမာရေးပညာပေးဟောပြော

မြိတ် ဧပြီ ၁၀

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (တနင်္သာရီတိုင်းခွဲ) ဥက္ကဋ္ဌ၊ တိုင်းရင်းမြန်မာသမားတော်ကြီး ဦးသိန်းနိုင်နှင့်အမှုဆောင်များ၊ တနင်္သာရီတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးလှိုင်အောင်နှင့်ဝန်ထမ်းများသည် ဧပြီ ၃ရက်က တနင်္သာရီတိုင်း မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာ၊ ကန်သာယာကျေးရွာနှင့် ပသောင်းကျေးရွာများသို့ နယ်လှည့်သွားရောက်၍ ကျေးလက်နေပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ရောဂါဝေဒနာရှင်များအား ဆေးဝါးကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက် ခြင်း၊ ချွေးခြောက်ပြီး၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

စာတတ်မြောက်ရေးလှုပ်ရှားမှု ဆိုင်းဘုတ်ဖွင့်

ကျောက်မဲ ဧပြီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၊ မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးလှုပ်ရှားမှု ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၈နာရီက ကျောက်မဲမြို့အဝင်မုခ်ဦးအနီး၌ ကျင်းပရာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁)၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦးနှင့် ခရိုင်ပညာရေးမှူးဦးဟောက်ရှန်တို့က မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးလှုပ်ရှားမှုဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

တက်ရောက်

ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်၊ အတွင်းရေးမှူး ဦးလှမြင့်နှင့် အဖွဲ့ဝင်များ၊ လက်ထောက်မြို့နယ်ပညာရေးမှူးဦးဘိုသန်း၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများတက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

ကြေးမုံ နယ်သတင်း

တောင်သာမြို့နယ် သံဘိုကျေးရွာတွင် မတ် ၂၀ရက်က စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောသန်းဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးတို့က စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၉၃)

စီးပွားရေးပညာဆိုင်ရာ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ

(1) Selling & Sales Management Training Course
(2) Mastering Customer Service Training Course

- ခေတ်မီစီးပွားရေးစီမံခန့်ခွဲမှုပညာများကိုစနစ်တကျ သိရှိလိုသူများ
- MBA, DMA, ABE, CIM တက်နိုင်ရန် အခြေခံကောင်းလိုသူများ
- Student Visa ဝင်ရန်အထောက်အထားအောင်လက်မှတ်ပြလိုသူများ

Limited Seats
Class Begins
30.4.2004

MHR, 905, 9th Fl; Modern Iron Market (Condo), Lanmadaw St; 707822

ACE Data Systems

Certificate in Software Engineering Level (1)
- Computer Systems
- C Programming
- Java Programming

26th April

Managed by BizSoft

Golden Hope Int'l Ltd.
☎-202377,703220

အမည်ပြောင်းခြင်း

ဦးစိုးမြင့် [၁၂/မဂဒ(နိုင်)၀၁၆၇၅၃] ၏သမီး မသောဘီစိုး [၁၂/မဂဒ(နိုင်)၁၀၄၃၃၆]အား မအိအိကျော်ဟု ပြောင်းလဲခေါ်ပါရန်။

အိအိကျော်။

TOP CHOICE

ဗလာစာအုပ်အမျိုးမျိုး

24th April to 26th April, 2004

Great Summer Sales

Only 3 Days

Any Item 5% discount

MK

No.333, Pyay Road.
Yankin Centre Shopping Mall
Dagon Centre Shopping Mall

No.21/22, Front Wing, Bogyoke Market, Yangon.
No.101, 83 Street, (Bet:22 & 23 Street), Mandalay.
No. 1-4, Corner of 80 & 35 Street, Mandalay.

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

မြိတ်မြို့၊ အမှတ်(၆)၊ ကြိုတောမြေနီလမ်း၊ ကံဖျားရပ်နေ ဦးမြင့်လွင်–ဒေါ်ရှုပိုတို့၏သားကြီး

ကိုကျော်ခင်

နှင့်

ကော့သောင်းမြို့၊ အမှတ်(၆၂၆)၊ အနော်ရထာ(၅)လမ်း၊ အောင်သုခရပ်ကွက်နေ ဗိုလ်ကြီးအောင်မင်း–ဒေါ်ခင်နွဲ့တို့၏သမီးကြီး

မခင်လေးလွင် B.A (Myanmar) Q

တို့သည် ၁၉–၄–၂၀၀၄ရက်တွင် ကမာရွတ်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ထိမ်းမြားလက်မှတ်ရေးထိုးပြီး၊ ကမာရွတ်မြို့နယ်ပရဟိတ(ကျား)ကျောင်းတွင် မင်္ဂလာဦး ဆွမ်းကျွေးပြီးဖြစ်ပါသည်။

ကိုကျော်ခင်–မခင်လေးလွင်။

(၃၃)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ပါပါး**ဦးတင်မောင်လတ်**(ဒါရိုက်တာ၊အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း၊ တနင်္သာရီလီမိတက်)နှင့် ချစ်မာမီ **ဒေါ်အေးအေးမြိုင်** (ဒု/ညွှန်ချုပ် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)တို့၏ ၂၄–၄–၂၀၀၄ရက်နေ့တွင် ကျရောက်သော (၃၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်(၁၀၀)တိုင်အောင် ချစ်သမီးလေးနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်. . .။

ချစ်သမီးလေး – ဖြူပိုင်လတ်

Final Part II , M.B.,B.S ,(IM II)



မွေးနေ့ဆုမွန်

မောင်ဘိုဘိုသန်းဌေး [2nd MB, IM (II)]

တစ်ဦးတည်းသော အချစ်ဆုံးသားလေး **မောင်ဘိုဘိုသန်းဌေး**၏ ၂၄–၄–၂၀၀၄ရက်တွင် ကျရောက်သော (၁၈)နှစ်မြောက်မွေးနေ့မှသည် နှစ်ပေါင်း(၁၂၀)တိုင် ကျန်းမာချမ်းသာပြီး၊ ထူးချွန်ထက်မြက်သော ဆရာဝန်ကြီးဖြစ်ပါစေ။

ဖေဖေ – ဦးသန်းဌေး (B.E Petroleum)
(3 / E Uniteam Marine Co., Ltd.)
မေမေ – ဒေါ်ငွေကြည် (B.A History)နှင့်
ရှမ်းညီနောင်လက်ဖက်ခြောက်မိသားစု၊ ဘုရင့်နောင်ပွဲရုံ၊ အမှတ်(၆)၊ နှင်းပန်းလမ်း၊ ရေကျော်။

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၅)လမ်း၊ အမှတ်(၂၀၃/ဒုတိယထပ်)နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/ပမန(နိုင်)၀၄၅၇၇၉]ကိုင်ဆောင်သူ ဦးကိုကိုစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးကိုကိုစိုးနှင့် ဒေါ်ထက်ထက်ဇော် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ကတတ(နိုင်)၀၀၃၇၄]တို့သည် ၃–၂–၂၀၀၄ရက်နေ့တွင် လင်မယားအဖြစ် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုစိုးနှင့် ဒေါ်ထက်ထက်ဇော်တို့သည် မည်သို့မျှသက်ဆိုင်ခြင်း မရှိတော့ပါ၍ ဦးကိုကိုစိုး၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူပြောဆိုမှုများ လုံးဝမပြုလုပ်ကြရန် သတိပေးအပ်ပါသည်။

ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးကိုကိုစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမောင်မောင်ကျော်လင်း (LL.B)
တရားရုံးချုပ်ရှေ့နေ(စဉ်–၇၀၄၂)
အမှတ်–၃၃၂/၄၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မန္တလေးအဝေးသင်တက္ကသိုလ်
ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၂–၂၀၀၃ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ် ဧပြီ/မေလတွင်ကျင်းပခဲ့သော မန္တလေးအဝေးသင်တက္ကသိုလ်၏တတိယနှစ်(ဘွဲ့)စာမေးပွဲကိုဖြေဆိုအောင်မြင်ခဲ့ကြသည့် တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ လားရှိုး၊ ကလေး၊ ရွှေဘို၊ ရေနံချောင်း၊ လွိုင်ကော်၊ ကျိုင်းတုံ ဌာနခွဲများမှ ကျောင်းသား၊ ကျောင်းသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။
၂။ လျှောက်လွှာပုံစံကို (၂ x ၁ ½)လက်မရှိယ် ဓာတ်ပုံအသစ်(၂)ပုံပူးတွဲ၍ ၁၇–၅–၂၀၀၄မှ ၃၀–၆–၂၀၀၄ရက်နေ့ထိ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။
၃။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/–(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ယူလိုသူများသည် ဘွဲ့နှင်းကြေး ၁၀၀၀ိ/–(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းရပါမည်။
၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် ဌာနခွဲများတွင် ဝယ်ယူရရှိနိုင်ပါသည်။
၅။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန်ကျန်ရှိသော အခကြေးငွေများကို ပြေလည်အောင် ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့်ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။
၆။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာဌာနခွဲသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။
၇။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ မိမိတို့နှင့်သက်ဆိုင်ရာဌာနခွဲမှ တစ်ဆင့် စိစစ်ခြင်း၊ ကျသင့်ငွေပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီ မပေးပို့လျှင်သော်လည်းကောင်း မန္တလေးအဝေးသင်တက္ကသိုလ်က ဘွဲ့နှင်းပေးမည်မဟုတ်ပါ။
၈။ ၁၉၉၈–၉၉၊ ၁၉၉၉–၂၀၀၀၊ ၂၀၀၁၊၂၀၀၂ ပညာသင်နှစ်မှ စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။
၉။ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်တွင် ဘွဲ့ရရှိသူများမှ ဘွဲ့နှင်းသဘင်(အခမ်းအနား)သို့ အမှန်တကယ် ဘွဲ့တက်ရောက်ယူနိုင်ခြင်း မရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားကြရန်ဖြစ်သည်။
၁၀။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

တင်လှိုင်
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
မန္တလေးအဝေးသင်တက္ကသိုလ်။

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးမောင်အေး(ငြိမ်း)(DGMရွှေသံလွင်ကုမ္ပဏီ)
ချစ်မေမေ ဒေါ်မြင့်မြင့်အေး (အလက–၁၊ ဒဂုံ)

